
မိချမ်းဝေ
စတုတ္ထလွန်းထိုးအလွန်
နှင့်
အခြားဝတ္ထုတိုများ

# မိချမ်းဝေ

# စတုတ္ထလွှန်းထိုးအလွန်

# နှင့်

# အခြားစတ္တုတိုများ

## စတုတ္ထလွှန်းထိုးအလွန်

လားရှိုးဘက်ကလာတဲ့ ရထားဟာ တူသံပေးပြီး ထွက်ခွာသွားတယ်ဆိုရင်ပဲ အခြေသေးနုပ်လှတဲ့ ဂုတ်ထိပ်ဘူတာ ကလေးဟာ တိတ်ဆိတ်ငြိမ်သက်သွားပါတော့တယ်။

နောင်ချိုကလာတဲ့ ဆရာမလေးနှစ်ယောက် မီးရထားနဲ့လိုက်ပါသွားပြီးတဲ့အခါ ကျောင်းသားတွေလည်း အနီးဝန်းကျင်ရပ်ကွက်ကလေးဆီ ဆင်းသွားကြပြီမို့ နောင်ချိုမြို့နယ် ကုန်းစံအုပ်စုမူလတန်းကျောင်းကလေးထဲမှာတော့ ကိုယ်တစ်ယောက်တည်းပေါ့ မိုးလွင်ရယ်။ အထီးကျန်ခြင်းဆိုတာ ကိုယ့်အတွက် မသေဆေးတစ်ခွက်မို့ ဒါကိုမငြင်းမဆန် စားသုံးလို့ ရှေ့ဆက်နေရတဲ့ ရက်တွေဟာ တဖြည်းဖြည်းနဲ့ ခရီးအတန်ငယ်ပေါက်ခဲ့ပါပြီ။

အထီးကျန်စွာ နေထိုင်ရမှုဟာ အကျည်းတန်သောဖြစ်ရပ်ကို ရင်ဆိုင်ရတာ လောက် ကြေကွဲဖွယ်မကောင်းဘူးလို့ ကိုယ်ထင်မြင်ယူဆတယ်ဆိုရင် နှုတ်ခမ်းထက်က မှည့်နက်ကလေး ရွေ့သွားတဲ့အထိ မင်းက ပြုံးဦးမှာလား။ ကိုယ့်ဘဝရဲ့ နာကြင်ကြေကွဲမှုတွေကို ဟောဒီဂုတ်တွင်းထဲ လိုလိုချင်ချင် ပစ်ချနေမှုကိုတော့ မင်းဘယ်လိုမှ သဘောမတူနိုင်ဘူးမဟုတ်လားဟင်။ ဒီလို လွင်ပြင်ချိုင့်ဝှမ်းတစ်နေရာမှာ ဇာတ်မြှုပ်ပြီးနေနေတဲ့ကိုယ့်ကို အလိုမကျမှုတွေနဲ့

မညှာမတာ ဝေဖန်ဦးမှာမဟုတ်လား။ "အကျဉ်း အကျပ်မှထွက်ပြေးခြင်းဟာ လွတ်မြောက်နိုင်ကောင်း လွတ်မြောက်မှာဖြစ်ပေမယ့် ပင်ကိုအရည်အသွေးညှဲ့ဖျင်းရာကျတယ်" လို့စကားကြီးစကားကျယ်တွေနဲ့ ကိုယ့်ကိုပစ်ပေါက်ခဲ့တာ ဒီကနေ့အထိကြားယောင်နေပါသေးတယ်။

ကိုယ်ဟာ မူလတန်းကျောင်းကလေးရဲ့ ပြတင်းတံခါးတွေကိုလိုက်ပိတ်ပြီး ကိုယ့်အတွက်ပေးထားတဲ့ အခန်းကလေးထဲ ဝင်ကာကျောင်းဝတ်စုံနဲ့ ပေ့ါပါးလွတ်လပ်တဲ့ ဝတ်စုံတစ်စုံလဲလှယ် ဝတ်ဆင်လိုက်တယ်။ ဒီကျောင်းကလေးမှာတော့ ကိုယ်ပဲတာဝန်ခံ၊ ကိုယ်ပဲကျောင်းစောင့်လေ။ နေညိုညိုညနေချမ်းဟာ မလှမ်းမကမ်းက ဘုရားရကလေးရယ်၊ မီးရထား ဝန်ထမ်းမိသားစု နေအိမ်ကလေးတွေရယ်၊ မူလတန်းကျောင်းကလေးရယ်၊ ချကနို့ဆီနဲ့ ဖျော်တဲ့လက်ဖက်ရည်ဆိုင်ကလေးရယ် ဒါတွေဟာ ဂုတ်ထိပ်ဘူတာရုံကလေးရဲ့ ပြည့်စုံခြင်း အင်္ဂါရပ်တွေပါပဲ။

ညနေခင်း ကျောင်းဆင်းချိန်ရောက်တိုင်း ကျောင်းကလေးမှနေ ကွေ့ကောက်ကောက် ရထားလမ်းကလေးအတိုင်း ကိုယ်လမ်းလျှောက်ထွက်လေ့ရှိတယ်။ ဒီအချိန် ဟိုဘက်ဒီဘက် ရထားလာစရာမရှိတော့လို့ မစိပ်မကျဲ ဇလီဖားတုံးတွေပေါ် နင်းလျှောက်လာတဲ့အခါ မိနစ်အနည်းငယ်အတွင်း ကုန်းကမူမော့ဆီမှ ထိန်းသိမ်းရေးစခန်းဆီရောက်သွားပါတော့တယ်။ ညှော့မှတ်တမ်းမှာနာမည်ရေးသွင်းပြီး ကမ်းပါးယံနှစ်ခုကို ဆက်သွယ်ထားတဲ့တံတားဆီတရွေ့ရွေ့ဦးတည်မိတဲ့အချိန်မှာ ကိုယ်ဟာမင်းကို အရမ်းလွမ်းနေမိတယ် မိုးလွင်ရယ်။

တကယ်တော့ ကိုယ်ရင်ထဲက အလွမ်းဓာတ်ခံရှိလို့ လွမ်းနေတာဆိုတာ ပတ်ဝန်းကျင် မြင်ကွင်းရှုကွက်ရဲ့ တွန်းထိုးနှိုးဆော်မှုကြောင့် အလွမ်းဒီရေတွေ မြင့်တက်နေရတယ်ဆိုတာကိုတော့ ကိုယ်ဝန်ခံပါတယ်။ ကိုယ်ဟာမင်းပြောသလို

လက်ရှိအနေအထားကိုရဲရဲ ရင်မဆိုင်ဝံ့တဲ့ ပျော့တိပျော့ညံ့ မိန်းမတစ်ယောက်ဖြစ်ခဲ့လိုလည်း အဲဒီ စူးနစ်နေတဲ့ ဝေဒနာဆူးကို ဆွဲနှုတ်ယူနိုင်ဖို့ ကုစားချက်တွေ နေ့စဉ်ရက်ဆက်ပေးနေရတာ ပေ့ါ။

ဒီနေ့မှ လေဟာ ထူးထူးခြားခြား ငြိမ်သက်နေတယ်။ အခုလို မိုးတွင်းအခါ မိုးရွာပြီးစဆိုရင် ဟိုးအဝေးမြင်ကွင်းတောင်တန်းပြာတွေဆီမှာ တိမ်ခိုးမျှင်စတွေ ရွေ့လျားနေတာများ တချို့တိမ်တွေက အပေါ်ယံကပျံ့သန်း တစ်ချို့တိမ်တွေကတောင်ကြားမှာငုပ်လျှိုး အမျိုးမျိုးသော တိမ်ခိုးမင်ခြယ်တွေ လွှမ်းစေဖန်နေကြတာလေ။

ဟော . . . သံပေါင်တံတားဖြတ်သန်းမေးတင်ရာတောင်ဘက်ဆီက တောင်ကမ်းပါးယံကြီး ကတော့ တောင့်တင်းခိုင်မာမှုတွေ သွန်လွှတ်လို့ ပျော့ညံ့သူရဲ့ရင်တွင်း မာကြောခိုင်ကျည်ခြင်းတွေ ပေါင်းထုံကူး ပျံ့ပေးနေသလိုပါပဲ။ တိမ်ယံဖောက်မတတ်မြင့်မားမတ်စောက်တဲ့ တောင်ကမ်းပါး ယံပေါ်ကနေ ရေစီးကြောင်းတွေ စိမ့်ဖြာစီးဆင်းနေတဲ့အသံကလည်း ကိုယ့်အတွက်ညနေခင်း ဆည်းဆာ တေးဂီတတစ်ပုဒ်ဖြစ်ခဲ့တယ်။ ရေစီးကြောင်းတွေဟာရေတံခွန်တွေလို ပေါင်းဆုံသွန်ကျတာ မဟုတ်ဘဲ အောက်ခြေတောင်ကမ်းပါးယံ ကျောက်သားအလိုက် တစ်မြောင်းချင်း စီးကျနေတဲ့မြင်ကွင်း ဟာ ခပ်ရဲရဲစုပ်ချက်ထင်းထင်း သဘာဝပန်းချီကားကြီးတစ်ချပ်ပါပဲ။

ဒီနေရာဟာ ရှမ်းလို “ဟိုကွတ်” လို့ခေါ်ပြီး မြန်မာလိုဂုတ်တွင်း လို့ခေါ်တဲ့နေရာပါ။ ဒါကလည်း အသူတရာချောက်နက်တစ်နေရာမှာ စီးဆင်းနေတဲ့ နမ်းပဆေးမြစ်ရဲ့ မာယာများ မှုကြောင့်ဖြစ်ပေါ်လာတဲ့ အခေါ် အဝေါ်ဖြစ်မယ်ထင်တယ်။ နမ်းပဆေးမြစ်ဟာ အရှေ့မှအနောက်သို့ စီးဆင်းရာမှ ပျောက်ကွယ်ငုပ်လျှိုးသွားပြီး ချောက်နက်တစ်နေရာမှာ ပြန်ပေါ်လာကာ ဆက်လက် စီးဆင်း နေခဲ့တာမို့ ဒီနေရာကို “ငုတ်တွင်း” လို့ခေါ်ရာက “ဂုတ်တွင်း” ရယ်လို့ ပေါ်လာတဲ့အဖြစ်။ အဲဒီ ချောက်တွင်းကြီးရဲ့ ဟိုဘက်ဒီဘက်ထိပ်ကို ထိစပ်

ဆက်သွယ်ထားတဲ့ တံတားကိုတော့ ဂုတ်ထိပ်တံတားတဲ့။ ဒီတံတားကို အစွဲပြုပြီး ကိုယ်တာဝန်ကျတဲ့ ကျောင်းကလေးနေရာက ဂုတ်ထိပ် ဘူတာဖြစ်လာရတော့တာပါပဲ။

ကိုယ်ဟာ တစ်နေ့တာ တာဝန်ပြီးဆုံးတဲ့ ညနေစောင်းဆို တံတားပေါ်ကို တစ်နေ့တစ်ခေါက် လာရောက်ဖြတ်သန်းလေ့ရှိတယ်။ အစပထမမှာတော့ တံတားပေါ်ကနေ ဂုတ်တွင်းထဲငုံ့ကြည့်ရတာ အသည်းအေးလှပေမယ့် ကျောက်တောင်ကမ်းပါးထက်မော့ကြည့်ပြီး ရရှိဖြစ်ပေါ်လာတဲ့ စိတ်ခါတ်အင်အားတွေဟာ ဘာနဲ့မှ တန်ဖိုးမဖြတ်နိုင်ဘူး။ တိမ်တွေကို ထိုးဖောက်မယ့် တောင်နံရံကြီးပေါ်က စီးကျသွန်းလျှံနေတဲ့ အအေးဓာတ်ဟာ ကိုယ့်ရင်ထဲက အပူကိုကူးဟပ် ပေးနေတာ အမှန်ပါပဲ။

မိုးလေသာတဲ့ နေ့တွေဆို ကိုယ်ဟာ တံတားကြီးရဲ့ အဆုံးဟိုမှာဘက်ကမ်းအထိ ရောက်အောင်သွားပြီး ပေသုံးရာကျော်ရှည်လျားတဲ့ ဥမင်လိုဏ်ခေါင်းတစ်ဆုံး လျှောက်ဝင်သွား လေ့ရှိတယ်။ မည်းမည်းမှောင်နေတဲ့ ဥမင်လိုဏ်ခေါင်းထဲ စမ်းတဝါးဝါးဝင်သွားရင်း တစ်ဖက်ဥမင်ပေါက ကို ရောက်တဲ့အခါ ပြင်ပအလင်းရောင်နဲ့ ဘွားခနဲထိတွေ့ရတဲ့ အရသာကို ကိုယ်နှစ်သက်တယ် မိုးလွင်။ လူတွေဟာ အမှောင်ကို ငြင်းဆန်လေ့ရှိပြီး အလင်းကိုတော့ကြိုဆိုလက်ခံလေ့ရှိတာ ဓမ္မတာမဟုတ်လား။ အမှောင်ရဲ့ ကျဉ်းကျပ်ပိတ်လှောင်မှုနဲ့ အလင်းရဲ့လွတ်လပ်လွင့်မျောမှုကို တစ်ခဏအတွင်း တစ်ပြိုင်နက် ခံစားနိုင်တဲ့အတွက် ကိုယ်ဟာ ဥမင်ဖြတ်သန်းမှုကို မကြာခဏ ပြုမူလေ့ရှိတယ်။

ကိုယ်တို့ရဲ့ ဇာတိမြေနဲ့ မတူတဲ့လေ၊ ဇာတိရပ်မြေနဲ့ မတူတဲ့ ရေမြေအနေအထားမှာ ကိုယ်ဟာ အထီးကျန်စွာဖြတ်သန်းရပေမယ့် ဒီနေရာမှာ ကိုယ်နေစိမ့်နိုင်နေပြီဆိုရင် မင်းအံ့သြမှာလားဟင်။ ပျော်တယ်ဆိုတဲ့ ဝေါဟာရကိုတော့ ကိုယ်မသုံးလိုသေးပါဘူး။ ကိုယ်နဲ့အပ်စပ်တယ် လို့ပြောရ

မယ်ထင်တယ်။ ဇာတိမြေနဲ့ဝေးလံသီခေါင်လှတဲ့ ဟောဒီဂုတ်ထိပ်ဆိုတဲ့အရပ်ကို ဘယ်လိုနာကျင်မှုမျိုးနဲ့ ရောက်လာရတယ်ဆိုတာ မင်းအသိဆုံးပါ။

မင်းနဲ့ကိုယ်က ကလေးဘဝတည်းက အတူသွားအတူစား အတူကြီးပြင်းခဲ့ကြလို့ တစ်ယောက်ဘဝ တစ်ယောက်နားလည်ပြီး ချစ်သူဘဝရောက်ခဲ့ကြသူတွေ မဟုတ်လား။ ဒီအချိန်ကျောင်းအဆင်းမှာ သီချင်းကလေးဆိုဆိုတဲ့ သီချင်းစာသားထဲကအတိုင်း တို့တစ်တွေဟာ ကျောင်းသွားဖော်တွေလည်း ဖြစ်ခဲ့ကြသေးတယ်နော်။ ကိုယ့်ရဲ့နာကျင်ကြေကွဲမှုတွေဟာ မင်းနဲ့လည်း မဆိုင်ဘူး။ ကိုယ်နဲ့လည်း မဆိုင်ဘူး။ ကိုယ့်မေမေနဲ့သာ တိုက်ရိုက်သက်ဆိုင်တယ်လို့ ပြောရင်ရမယ်ထင်တယ်။

တစ်ချိန်တစ်ခါတုန်းကတော့ ကိုယ်တို့မြို့မှာ မေမေဟာ အလွန်တရာချောမောလှပတဲ့ အမျိုးသမီးတစ်ယောက်ဖြစ်ခဲ့တယ်။ မေမေရဲ့ အလှကျက်သရေတင့်မောမှုဟာ အဲဒီ ခေတ်က ကာလသားတွေရဲ့ နှုတ်ဖျားမှာ အလွန်တရာရေပန်းစားခဲ့တာပေါ့။ ချောမောလှပတဲ့ ရုပ်ရည်နဲ့ညီမျှစွာပဲ မေမေဟာ ရောင်းတတ်ဝယ်တတ်ဖျက်လက်သွက်လက်မှုတွေနဲ့ မြို့မဈေးကြီးထဲက ငွေလဝန်း စတိုးဆိုင်ကို အုပ်စီးနိုင်ခဲ့ပါတယ်။ ကိုယ့်ဖေဖေကတော့ သာမန်ရုံးဝန်ထမ်း လူရိုးလူအေးတစ်ဦး မျှသာဖြစ်တယ်။ သွက်လက်ထက်မြက်တဲ့ မေမေ့ကို ဖေဖေဟာ အဲဒီ ရိုးဂုဏ်ကလေးပြပြီး ပိုးပန်း ခဲ့ရရှာတာပါ။

တကယ်တော့ ဖေဖေရဲ့ ရုံးဝန်ထမ်းလစာငွေဟာ မေမေဦးစီးတဲ့ ငွေလဝန်းစတိုးဆိုင်ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံမရှိပါဘူး။ မေမေ့စွမ်းဆောင်မှုကြောင့် ကိုယ်တို့မိသားစုဟာ တင့်တင့်တယ်တယ်သာမက မော်မော်ကြွားကြွားပါ နေနိုင်ခဲ့ကြတယ်နော်။ ငွေရှိရင် အရာရာမှာ လူရာဝင်ဆံ့တယ်ဆိုတာ အမှန်ပါပဲ မိုးလွင်။ ကိုယ်တို့ဟာ မြို့ကလေးမှာ အနေဝင့်အခြေတင့်ခဲ့ကြတယ်။ ဖေဖေနဲ့ မေမေဆိုတာလည်း မြို့မျက်နှာဖုံးတွေအဖြစ် အရမ်းကိုအတွဲညီခဲ့ကြတယ်လေ။

အဲဒီ လို ငွေကြေးအဆင်ပြေပြေနဲ့ မိသားစုကမ္ဘာလေးရဲ့ ပျော်ရွှင်ဖွယ်

နေ့ရက်တွေဟာ အန်ကယ်ရောဘတ် မရောက်လာမီအချိန်အထိပေါ့။ အန်ကယ်ရောဘတ်နဲ့ အဆက် အဆံရှိလာတာဟာ မေမေ့ရဲ့ စီးပွားရေးလက်တံရှည်မှုကြောင့်လို့ပြောရင်ရမယ်ထင်တယ်။ မေမေက ငွေလဝန်းဆီမှ တိုးပွားလာသလောက်နဲ့လောဘမသတ်နိုင်ဘဲ ကားတွေ ဆိုင်ကယ်တွေ ဝယ်ရောင်း လုပ်ရာက အဲဒီ လောကမှာ ကျင်လည်နေတဲ့ အန်ကယ်ရောဘတ်နဲ့တွဲမိကြတာပါ။

ကားတွေ ဆိုင်ကယ်တွေ ဝယ်ရောင်းလုပ်တဲ့အလုပ်ကိုဖေဖေက မလုပ်စေချင်ဘူး။ ကိုယ်ရဲ့ခွင်မဟုတ်ဘဲဝင်သွားရင် ဖြတ်ခုတ်တာတွေ လိမ်လည်တာတွေနဲ့ တစ်ကွေ့မကြုံ တစ်ကွေ့ကြုံမယ်ဆိုပြီး ဆိုင်မှာအေးအေးထိုင်နေစေချင်တယ်။ ဒါပေမယ့် မေမေဟာ စီးပွားရေး နဲ့ပက်သက်ရင် ဖေဖေ့ဩဇာခံလေ့မရှိတာမို့ သူ့အလုပ်ကိုနောက်မဆုတ်စတမ်း ရှေ့သို့သာ တိုးနေတော့တယ်။ နောက်ဆုံးမှာတော့ ဖေဖေပူပန်သလို ငွေရေးကြေးရေး အလိမ်မခံရဘဲမေမေ့ကို ကိုယ်တိုင်စွန့်လွှတ်လိုက်ရတဲ့နေ့ဟာ ကိုယ်တို့မိသားစုကြမ္မာဆိုးဝင်တဲ့နေ့ပါပဲ။

မေမေ အန်ကယ်ရောဘတ်နောက်လိုက်သွားပြီးလို့ သတင်းစကားရောက်လာတော့ ကိုယ်ဟာ မော်လမြိုင်တက္ကသိုလ်မှာရူပဗေဒ ဒုတိယနှစ်တက်နေဆဲပါ။ မင်းကတော့ ဆယ်တန်းကို ကိုယ့်ထက်နောက်ကျစွာ အောင်ပြီးမှ မင်းဝါသနာပါလှချည်ရဲ့ဆိုတဲ့ စိုက်ပျိုးရေးသိပ္ပံ တက်နေဆဲလေ။

ကိုယ်အိမ်ကိုဒရောသောပါးရောက်ချလာတော့ ငူငေါင်သွေးပျက်နေတဲ့ ဖေဖေ့ပုံစံ ဖရိုဖရဲကြီးကို မြင်လိုက်ရတယ်ဆိုရင်ပဲ ကိုယ်လည်း ဆောက်တည်ရာမဲ့ တွယ်ငင်ရာမဲ့ ဖြစ်ခဲ့ရမယ်။ သိပ်ရက်စက်တဲ့ မေမေ၊ ဖေဖေနဲ့သမီးကို မငဲ့ညှာတဲ့မေမေ၊ ဘယ်လိုအကြောင်းတရား စေ့ဆော်မှုတွေက မေမေရဲ့ ရက်စက်နိုင်မှုစွမ်းအားကိုး နှိုးဆွပေးလေသလဲ။ တစ်သက်လုံး ထိန်းသိမ်းလာတဲ့ ဣန္ဒြေသိက္ခာတံတိုင်းဟာ အနေနီးစပ်ခြင်းဆိုတဲ့ ရင်းနှီးပွန်းတီးမှုကြောင့်

ပြိုလဲခဲ့ရပါတယ်ဆိုရင် သမီးအနေနဲ့ ဘယ်သူ့ကိုစံထားလေးစားရတော့မှာလဲ မေမေ။

ထင်မှတ်မထားတဲ့ မေမေရဲ့ ခွဲထားချန်ရစ်ခဲ့မှုအပေါ် ဖေဖေဟာ ဘယ်လိုမှဖြေပြေရာ မရခဲ့ရှာဘူး။ ကိုယ်ပြန်ရောက်တော့ ဖေဖေအရက်တွေ နေ့မလင်းညမလင်း သောက်နေလိုက်တာ၊ ကိုယ်လည်း ဖေဖေအဖြစ်ဆိုးကိုကြည့်ပြီး ဘယ်လိုနှစ်သိမ်းပေးရမယ်မသိ ဖြစ်နေတော့တယ်။ မေမေတို့ ဘယ်ရောက်နေတယ်ဆိုတဲ့ သတင်းကတော့ အစအနမရဘဲ စုန်းစုန်း ကိုမြုပ်နေတော့တာပါပဲ။ ကိုယ်ဖေဖေ့ကို ထိန်းရမလား၊ ဆိုင်ကိုကြီး ကြပ်ရမလားဗျာများနေချိန်မှာပဲ အရက်ကိုသောက်လေ့မရှိဘဲ နေ့စဉ်ရက်ဆက်သောက်နေတဲ့ ဖေဖေ့ကျန်းမာရေးက နောက်ဆုံး ဆေးရုံတင်လိုက်ရတော့တယ်။

ဒီအချိန်မှာ ကျောင်းပိတ်လို့ မင်းမြို့ကို ခဏပြန်ရောက်နေတဲ့အချိန် ဖေဖေဆေးရုံတက်တဲ့ ကိစ္စမှာ မင်းကိုယ်တိုင် အကူအညီတွေ ပေးနိုင်ခဲ့သေးတယ်နော်။ သောကဗျာပါနဲ့ ကြုံတဲ့အခါ ချစ်သူရဲ့ အားပေးကူညီမှုဟာ အတော်ကလေးတာသွားခဲ့တယ်။ ကိုယ်အရမ်းကို ဖြေသိမ့်နိုင်ခဲ့တယ် မိုးလွင်ရယ်။ ဖေဖေ ဆေးရုံကဆင်းပြီး ထူထူထောင်ထောင်လည်း ဖြစ်လာရော ဖေဖေရယ်လေ ကိုယ်မထင်မှတ်တဲ့ အပြုအမူကို ပြုမူသွားတယ်ကွယ်။ မေမေရှိစဉ်က သူကိုးကွယ်ခဲ့တဲ့ နန်းတော်ဦးဘုန်းကြီးကျောင်းမှာ အပြီးအပိုင် ရဟန်းဝတ်သွားတော့တယ်။

ဖေဖေလောကီကို တကယ်ပဲစိတ်ကုန်သွားခဲ့ပြီးလား။ မေမေ့ကို စိတ်နားဦးတော့ ကိုယ့်ကိုရော ငွေလဝန်းဆိုင်ကိစ္စကိုပါထည့် သွင်းတွက်ချက်သင့်ပါတယ်။ ဆိုင်ကိုစွန့်နိုင်တယ်ထားဦးတော့ တစ်ဦး တည်းသော သမီး ကိုယ့်ကို ဒီလောက်စိမ်းကားပြတ်တောက်ဖို့ မသင့် ဘူးမဟုတ်လား။ မေမေရဲ့ မျက်နှာလွှဲရက်စက်မှုဟာ ဖေဖေ့နှလုံးသားမှာ ဒဏ်ရာအနာတရဖြစ်စေခဲ့ပြီ။ လောကီကိုစွန့်ပြီး ရဟန်းဝတ်သွားတာ သမီးကိုလှည့် မကြည့်တော့သလိုပါပဲ။

ကိုယ်တကယ်ပဲ ဝမ်းနည်းကြေကွဲခဲ့ရတယ်။ ကိုယ်ဘာလုပ်ရမလဲ။ ကျောင်းဆက် တက်ရ မလား၊ ဆိုင်ဆက်ဖွင့်ရမလား။ မေမေမိုက်မှားလိုက်တဲ့ အရိပ်မည်းကြီးကလည်း ကိုယ့်အပေါ်မညှာ မတာ ထိုးကျနေလိုက်တာ နာကျင်ခံခက်စရာ ကောင်းလှပါတယ်။ ကိုယ့်အပေါ် အထင်တကြီးနဲ့ တစ်သက်လုံးကြည့်ဖြူခဲ့တဲ့မင်းမိဘတွေဟာ ဒီအချိန်ရောက်မှ ကိုယ့်အပေါ် ဆက်ဆံရေးတစ်မျိုးတစ်ဖုံ ပြောင်းလဲတာတာမယုံချင်စရာပါ။

``ကြက်မှာအရိုး၊ လူမှာအမျိုးတဲ့။ သူ့အမေတောင် ဒီလမ်းကို လျှောက်ရင်သူ့သမီးရာ ဒီစခန်း ကို မရောက်ဘူးပြောနိုင်မလား ``

မင်းတို့အသိုင်းအဝိုင်းက ပေါ်ထွက်လာတဲ့စကားသံတွေဟာ ကိုယ့်ကိုအထိတ်တ လန့်ဖြစ် စေခဲ့တယ် မိုးလွင်။ လူတွေကို ကိုယ်နားမလည်နိုင်တော့ဘူး။ မင်းကလည်း ကျောင်းမပြီးသေး။ အလုပ်အကိုင်မရှိသေး။ ကျောင်းပြီးလို့ အလုပ်အကိုင်ရှိလာတဲ့ အခါလည်း မင်းမိဘတွေရဲ့ အလိုဆန္ဒကို လွန်ဆန်နိုင်ဖို့ မနိုင်ဖို့မသေချာတဲ့ အနေအထားမှာ ကိုယ်ဘာကို မျှော်လင့်နေရမှာ လဲဟင်။ ကိုယ့်အကြံအစည်ကို ပြောပြတော့မင်း အကြောင်းအကန့်တားမြစ်ခဲ့တာ ကြားယောင် ပါသေးတယ်။

`` မသွားပါနဲ့ သွင်။ ဒါဟာ ထွက်ပြေးခြင်းတစ်မျိုးပါပဲ။ အကျဉ်းအကျပ်မှထွက်ပြေးခြင်းဟာ လွတ်မြောက်နိုင်ကောင်းလွတ်မြောက်မှာ ဖြစ်ပေမယ့် ပင်ကိုအရည်အသွေး ညှိုးဖျင်းရာကျပါတယ်`` လို့ မင်းရဲ့မညှာမတာ ဝေဖန်ပြောဆိုမှုတွေကြားထဲကပဲ ငွေလဝန်းဆိုင်ကို ကိုယ်အပြီးရောင်းပစ် လိုက်တော့တယ်။ တချို့တစ်ဝက်ငွေတွေဘဏ်မှာအပ်ပြီး ကိုယ်နဲ့လည်းရင်းနှီး၊ မင်းနဲ့လည်း ခင်မင်ခဲ့ဖူးတဲ့ ငယ်သူငယ်ချင်းမေနှင်းအေးဆီ ထွက်ခဲ့တော့တယ်။ မေနှင်းအေး မိဘတွေက ကိုယ်တို့မြို့ကနေ ပြင်ဦးလွင်မှာ အခြေချနေထိုင်တာ အတော်ကြာပြီလေ။

မန္တလေးကနေ ပြင်ဦးလွင်ကို တက်တော့မယ်ဆိုရင် လားရှိုး

လူစီးအဆန်ရထားကို စီးရမှာဖြစ်တယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေသုံးထောင်ကျော်မြင့်တဲ့ ပြင်ဦးလွင်ဘူတာကိုပင် ပင်ပန်းပန်း ခက်ခက်ခဲခဲ တက်ရတာ ပါ။ ပြင်ဦးလွင်ဘူတာရောက်ဖို့ မီးရထားဟာ ပထမလွန်းထိုး၊ ဒုတိယလွန်း၊ တတိယလွန်းထိုးနဲ့ စတုတ္ထလွန်းထိုးဆိုတဲ့ ဘူတာတွေကို လွန်းပြန်ပြီးတက်ရတာ ပါပဲ။ အဆန်ရထားဟာ ခေါင်းတွဲနဲ့ အရှိန်ကုန်သွားအောင် သဲလမ်းနေရာအထိမောင်းပြီး နောက်ပြန်ဆုတ်၊ အရှိန်နဲ့တစ်ခါ အမြင့်ကိုတက်ရတာ ပါ။ နောက်ပြန်ဆုတ်ရင် အသည်းအေးလိုက်၊ အရှိန်နဲ့အမြင့်ကို တက်လာရင် ရင်ဘတ်ထဲတင်းတင်းကျပ်ကျပ်ကြီး ဖြစ်လာလိုက်နဲ့ အတော်ကို ရင်မောစရာကောင်းတဲ့ လွန်းထိုးတွေပါ။

ပြင်ဦးလွင်ဘူတာဟာ ကိုလိုနီခေတ် ဘုရင်ခံရုံးစိုက်ရာ နေရာ ဖြစ်ခဲ့လို့ရှေးဟောင်း အဆောက်အအုံ အငွေ့အသက်တွေထုံမွှန်းနေတယ်လို့ ကိုယ်မြင်တယ်။ ပြင်ဦးလွင်မှာ မီးရထားစက်ခေါင်းရုံရှိတယ်။ မီးရထား ဆေးရုံရှိတယ်။ မီးရထားရဲဌာနရှိတယ်။ မန္တလေးဘူတာကြီးက ထွက်လာတဲ့ လူစီးမီးရထားဟာ လမ်းခရီးသည်တွေအတွက် တွဲပိုချိတ်မလာပါဘူး။ ပြင်ဦးလွင်ဘူတာရောက်မှ တွဲထပ်ချိတ်တာပါ။ ဒါမှလည်း လွန်းထိုးပြီး တက်လာနိုင်မှာလေ။

ပြင်ဦးလွင်ရောက်တော့ မနှင်းအေးတို့မိသားစုဟာ ကိုယ့်ကို လိုက်လံပျူငှာ ကြိုဆိုကြတယ်။ သူတို့က ဒီမြို့မှာ `မေ့တွက်တာ` ဆွယ်တာလုပ်ငန်းနဲ့ အသားကျနေကြပြီ။ စက်ထိုးဆွယ်တာ အမျိုးမျိုးရနိုင်တဲ့ မနှင်းအေးတို့ရဲ့ မေ့တွက်တာ စတိုးဆိုင်ကို မြင်တော့ ကိုယ့်တို့ရဲ့ လူသုံးကုန်ပစ္စည်းမျိုးစုံရနိုင်တဲ့ ငွေလဝန်းစတိုးဆိုင်ကလေးကို အောက်မေ့သွားမိတယ်။ ကိုယ် နှောင်တရနေတာတော့ မဟုတ်ပါဘူးလေ။

မနှင်းအေးကတော့ ပြောရှာတယ်။ သူတို့လုပ်ငန်းထဲ ရှယ်ယာဝင်ပြီး သူတို့နဲ့အတူ ဒိုးတူပေါင်ဖက်လုပ်စားပါပေ့ါ။ ကျေးဇူးတင်စရာ ကောင်းလှပေမယ့်

ကိုယ်တည်ဆောက်ချင်တဲ့ ဘဝအသစ်က ဒါမဟုတ်ဘူးလေ။
စက်ထိုးဆွယ်တာတွေအဝေးကိုပို့ပြီး ရောင်းဝယ်ဖောက်ကားတဲ့ အလုပ်ဟာ မေမေရဲ့
စတိုးဆိုင်လုပ်ငန်းနဲ့ ဆင်ဆင်တူနေတာမို့ကိုယ့်စိတ်ကို မဆွဲဆောင်နိုင်တာ
လားတော့ မသိဘူး။

မေနှင်းအေးတို့ဆီမှာ ခြောက်လလောက်ခိုပြီး အခြေအနေအရပ်ရပ်ကို
လေ့လာပြီးမှ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကိုလုပ်ခဲ့တာပါ။ ကိုယ်ကိုယ်တိုင်
ရွေးချယ်ခဲ့တဲ့ လမ်းကြောင်းပေါ်မှာ တည့်တည့်မတ်မတ်
လျှောက်ရမယ်ဆိုတာကေတော့ ကိုယ်နားလည်ပါတယ် မိုးလွင်ရယ်။
ဒီနေရာကလေးမှာ အဆင်ပြေပြေနေသားကျခဲ့ပြီ။

ဒီနေရာကလေးမှာ ကိုယ်အဖို့ခါးသီးဖွယ် မေမေရဲ့ အရိပ်မည်းကြီး
မရှိဘူး။ အမနာပ မဖွယ်မရာသတင်းတွေချဲ့ကားပြောဆိုမယ့် ပတ်ဝန်းကျင်မရှိဘူး။
အမိအဖအရိပ်မဲ့ သမီးတစ်ယောက် ကို မထေမဲ့မြင် ဆက်ဆံချင်တဲ့
အောက်တန်းကျစရိတ် ဓာတ်များနဲ့ အနှစ်မဲ့လူသားတွေ မရှိဘူး။
ဒေသခံရှမ်းနေတွေရဲ့ ရိုးသားဖြူစင်ဖော်ရွေမှုဟာ ကိုယ်ရဲ့စိတ်ဒဏ်ရာ အနာဖေးကို
တဖြည်းဖြည်း ကင်းစင်ပျောက်ကင်းစေတယ်လို့ ထင်ရတယ်။

အခုကို ဂုတ်ထိပ်ရွာကလေးမှာ ကိုယ်ရောက်နေတာ
သုံးနှစ်သုံးမိုးရှိတော့မယ်လေ။ ပါလာတဲ့ ငွေကလေးနဲ့ ကျောင်းနဲ့မနီးမဝေးမှာ
မြေတစ်ကွက်ဝယ်ပြီး ဘူး၊ ဖရုံ၊ ဂေါ်ရခါး စတဲ့ စားဖွယ် သီးနှံတွေစိုက်တယ်။
ဒါကနေ့စဉ် ဈေးသုံးရနေအောင်။ ကျန်တဲ့ မြေနေရာမှာ မက်မန်းတွေ
စိုက်ထားတယ်။ မက်မန်းဆိုတာက ဘာမှကရိကထများတဲ့ အရာမဟုတ်ဘူး။
မက်မန်းမျိုးနွယ်ဟာ (ရိုစေရိယာ) မျိုးနွယ်ဝင်ဖြစ်ပြီး အနောက်နိုင်ငံကနေ
စီးမျောရွှေ့လျားရောက်ရှိလာတဲ့ အပင်ဖြစ်တယ်။ စိုစွတ်ပြီး အေးတဲ့
ခဲသားမြေကိုနှစ်သက်တယ်။ ပြင်ဦးလွင်လိုပေ ၃၀၀၀ ကျော် မြင့်မှာ ပိုဖြစ်ထွန်းတာ
ပေါ့။ ဒီသီးနွယ်ပင်တွေကို ပထမမှာ မျက်နှာဖြူတွေက

အင်္ဂလန်ကသယ်ဆောင်လာခဲ့တယ်လို့ အဆိုရှိတယ်။

စိုက်ပျိုးရေး ကျောင်းဆင်းကြီးကို ဆရာလုပ်လိုက်ဦးမယ်မိုးလွင်ရေ၊ မက်မန်းများပွင့်တော့ မယ်ဆိုရင် သိပ်စိတ်ဝင်စားစရာကောင်းတာ။ သူကချယ်ရီလိုပဲ အပွင့်ပွင့်ခါနီး တစ်လအလိုမှာ တစ်ပင်လုံး အရွက်မကျန်အောင် ကြွေပြီးမှ အကိုင်းကနေ အဖူးအပွင့်တွေ ဖူးပွင့်ကြတယ်။ ဖေဖော်ဝါရီ မတ်လကို မက်မန်းတွေပင်လုံးကျွတ်ဆွတ်ဆွတ်ဖြူအောင်ပွင့်ချိန်ပေါ့။ အဲဒီ အပွင့်မကြွေမီ သီးကင်း တွေဟာ ကိုင်းတစ်လျှောက်ထွက်လာလေ့ရှိတယ်။ ဇူလိုင်လောက်ဆို အသီးတွေ ခူးလို့ရပြီ။

မက်မန်းသီးအရောင်တွေက နီညိုရောင်၊ အဝါရောင်၊ အစိမ်းရောင်၊ အဖြူရောင်၊ အနီရောင်၊ မီးတောက်ရောင်၊ ပန်းရောင်ရယ်လို့ ရှိကြတယ်။ အသီးတွေကလည်း လုံးဝန်းတဲ့အသီး၊ ရှည်တဲ့အသီး၊ ထိပ်ချွန်တဲ့အသီး၊ ထိပ်လုံးကြီး၊ ဒင်္ဂါးဝိုင်းအရွယ်စသည်ဖြင့် အမျိုးမျိုးပါပဲ၊ ဇူလိုင်လမှာ လှပ တဲ့အသီးတွေကို ခူးပြီးမက်မန်းချိုပေါင်း၊ မက်မန်းယိုဘူး၊ မက်မန်းတော်ဖီ၊ မက်မန်းဝိုင်တို့ ထုတ်လုပ်ပြီး ဈေးကွက်ပို့ကြတယ်။ ဒီဒေသမှာ မက်မန်းလုပ်ငန်းဟာ စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်လို့ ကိုယ် အရမ်းကို စိတ်ဝင်စားနေမိတယ် မိုးလွင်။

ဒီနှစ်ဆိုရင် မင်းလည်းကျောင်းဆင်းပါပြီ။ ကိုယ့်ကိုလည်းအရင်လို သံယောဇဉ်ရှိ သေးတယ်ဆိုရင် ကိုယ်တည်ဆောက်နေတဲ့ ကမ္ဘာသစ်ကလေးကို စိတ်ဝင်စားတယ်ဆိုရင် ပြင်ဦးလွင် ကနေတစ်ဆင့် ဂုတ်ထိပ်ဘူတာရုံကလေးဆီ အရောက်လာခဲ့ပါလား။

မင်းရောက်လာမယ်ဆို မြေကိုချဲ့ထွင်ပြီး ကော်ဖီနဲ့ လိမ္မော်တွေစိုက်ကြမယ်လေ။ ကော်ဖီနဲ့လိမ္မော် ဟာလည်း ဒီဒေသရဲ့ စီးပွားဖြစ်ထွက်ကုန်တစ်မျိုးပါ။

မန္တလေးကနေ ပြင်ဦးလွင်ကိုကားလမ်းနဲ့လာရင်

အဆင်ပြေကြောင်းပြေနိုင်ပေမယ့် ပြင်ဦးလွင် ကနေ ဂုတ်ထိပ်ကိုတော့ လားရှိုးစီးရထားစီးလာမှ အဆင်ပြေမှာပါ။ လွန်းထိုးမနိုင်မှာစိုးလို့ တွဲပိုမချိတ်ခဲ့တဲ့ လားရှိုးရထားဟာ ပြင်ဦးလွင်ကျမှ လူစီးသုံးတွဲချိတ်မှာလေ။ အဲဒီ ရထားလမ်းက တို့ပြည်နယ်တွေမှာလိုလယ်ကွင်းပြင်ရိုးပြတ်တောတွေနဲ့ သွေ့ခြောက်ခြောက်ဖွယ်တယ်တယ် ရှိမနေ တာကထူးခြားမှုတစ်မျိုးပါ။ ပြင်ဦးလွင်က ထွက်ပြီးမိနစ်နှစ်ဆယ်လောက်ကြာတာနဲ့ ပွေးကောက် ရေတံခွန်သွားမယ့်သူတွေ ဒီမှာဆင်းကြပေါ့။ ရထားလမ်းတစ်လျှောက်မှာတော့ ကုန်းခြံရေခြံတွေနဲ့ သစ်သီးသစ်နှံပန်းပင်တွေ စိုက်ထားတဲ့ ရှုခင်းသာယာတွေ ကြည်နူးချမ်းမြေ့စရာပါ။

နောက်တစ်ခါ ဆိုက်မယ့်ဘူတာက ဝက်ဝံဘူတာတဲ့။ ရှေးအင်းဂဘုရင်လက်ထက်က ဆင်ခေါင်းဝက်ဝံလို့ အမည်ပေါက်တဲ့ ရွာကြီးပါ။ ရှမ်းပြည်နယ်နောင်ချိုမြို့နယ်နဲ့ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရဲ့ အပိုင်းအခြားနယ်စပ်ရွာလို့ ပြောရင်ရမယ်ထင်တယ်။ ပိတ်ချင်းမြောင် မဟာနန္ဒာမူလိုဏ်ဂူလည်းရှိတဲ့ နေရာပေါ့။

နောက်ဘူတာတွေက ဆင်လမ်းစုတဲ့။ ဆင်ဆယ်တဲ့။ ဟောပြီးတော့ ရှမ်းပြည်နယ်ရဲ့ မြို့နယ်ရုံးစိုက်ရာ နောင်ချိုမြို့က ကျောက်မဲ၊သီပေါ၊ လားရှိုးကို ဆက်သွားဖို့ မြို့အထွက်မှာ ဂုတ်တွင်းကြီးခံနေတာမို့ ကားနဲ့ဆိုအကွေ့အကောက်များနဲ့ ချိုင့်ကြီးထဲဆင်းသွားရမှာပါ။ မီးရထားနဲ့ ဆိုရင်တော့ နောင်ချို ဘူတာကနေ ဂုတ်ထိပ်ရောက်အောင် နောက်ထပ်မိနစ် လေးဆယ်လောက် ထပ်စီးရပါဦးမယ်။ ဒီအနားရောက်ရင် မီးရထားဟာ တောင်ကမ်းပါးယံကိုကွေ့ပတ်ပြီးသွားရတော့ သစ်ပင်းဝါးရိပ်၊ တောင်တန်းတောင်ကုန်းတွေကြားမှာ အဝေးကတံတားကြီးကို မီးရထားရဲ့ ဘယ်ဘက်ပြတင်းပေါက်ကမြင်လိုက် ညာဘက်ပြတင်းပေါက်မြင်လိုက်နဲ့ ပဥ္စလက်ဆန်တဲ့ မြင်းကွင်းက ညို့အားပြင်းလှပါတယ်။ မီးရထားနဲ့ တံတားကြီး

တူတူပုန်းနေကြသလားတောင် ထင်ရတယ်။ သဘာဝရေမြေတောတောင်ရဲ့ ဖွဲ့စည်းဖြစ် တည်မှုဟာ လျှို့ဝှက်ဆန်းကြယ်မှုတွေ ပြည့်နှက်နေတာမို့ အရိုးခံကျေးလက်ကို ချစ်မက်သူရဲ့ရင်တွင်းမြတ်နိုးခုံမင်ခြင်းတွေ တသွင်သွင်စီးဆင်းနေတာ အမှန်ပါပဲ။

တောင်နံ့ရံ့ပတ်လည်ဝိုင်းတဲ့ မြေပြန့်လွင်ပြင်ဆီက အဝတ်မဲ့ သစ်သီးတွေကို ခူးဆွတ်လို့ ကျေးလက်တောင်သူတွေဟာ ရထားကြီးကို အဖော်ပြုကာမြို့ကိုတက်တဲ့အခါ ကိုယ်ဟာ ပြင်ဦးလွင် လားရှိုးရထားကိုလူးလားခေါက်ပြန် စီးရလေ့ရှိပေမယ့် ရထားစီးရခြင်းဓလေ့မှာ ငြီးငွေ့ခြင်းမရှိပါဘူး။ ဒီရထားပေါ်မှာ စုန်ဆန်လိုက်ပါလေ့ရှိတဲ့ ခရီးသွားဖျော်ဖြေရေးသမားကြီးနှင့်တောင် မျက်မှန်းတန်း ခင်မင်နေမိတဲ့ အထိပါပဲ။ ခရီးသွားဖျော်ဖြေရေး သမားကြီးဟာသူ့လက်စွဲတော် မယ်ဒလင်ကြီးကိုရင်မှာပိုက်လို့ ခေတ်ဟောင်းတေးတွေကို သီကျူးလေ့ရှိတယ်။ တစ်ခါမှာတော့ ခရီးသွားလူရည်သန့်တစ်ဦးက ထူးထူးခြားခြား တောင်းဆိုသံကိုကြားလိုက်ရတယ်။

``ဦးလေးကြီး ကိုစောငြိမ်းသီချင်းတစ်ပုဒ်လောက် လုပ်ဗျာ``

``ကျွန်တော် ကိုစောငြိမ်းမရဘူးဗျာ့။ လေးဆယ်ကျော် အချစ်ဆိုမယ်``

ရထားအလယ်လမ်းကြောင်းရဲ့ ခရီးသည်ထိုင်ခုံလက်ရမ်းပေါ် တစောင်းတင်ထိုင်ပြီး မယ်ဒလင်ကိုပိုက်ကာ လေးဆယ်ကျော်အချစ်ကို စိတ်နှစ်သီဆိုနေတဲ့ ဖျော်ဖြေရေးသမားကြီးကို ခရီးသွားဧည့်သည်ဟာ ဓာတ်ပုံမှတ်တမ်းယူနေလေရဲ့။

``ကျွန်တော့်အတွက်တော့ ပန်းချီကားကောင်းတစ်ချပ်ရဦးမှာ ပေါ့ဗျာ``

အနီးမှ မိတ်ဆွေကို လှမ်းပြောလိုက်တဲ့ ခရီးသွားဧည့်သည်ရဲ့ စကားဟာ ကိုယ့်အတွက် အတွေးတွေပွားစေတယ် မိုးလွင်။ လူတွေဟာ ဒီလိုပဲနေ့စဉ်မိုးသောက်

ဘဝကြီးထဲက အလှတရားတွေဆွဲထုတ်ယူငင်ကြ ရတာ ပဲနော်။ ပန်းချီဆရာဟာ သူပြချင်တဲ့ လောကအလှတရား တွေကို သူ့ရဲ့ အနုရသ ဝိညာဉ်လိပ်ပြာမှ တစ်ဆင့် ခံစားတတ်သူတွေရဲ့ နှလုံးသားကို ထိနမ်း ကျီစယ် စေတာဖြစ်လို့ လူလောကကြီးအတွက် ပန်းချီကားတွေဟာ မရှိမဖြစ် လိုအပ်ချက်တစ်ရပ် ဖြစ်နေရတာ ပေါ့။

``ပန်းချီကား တွေဟာ အထီးကျန်ဘဝကို ဖြေသိမ့်ပေးသူဖြစ်တယ်။ နောက်ကျိနေတဲ့စိတ်ကို ကြည်လင်အောင်လုပ်ပေးသူဖြစ်တယ်။ အကျဉ်းကျနေတဲ့ အတွေးအခေါ်အတွက် ပြတင်းပေါက် တွေဖြစ်တယ်။ စာအုပ်တွေသမိုင်းတွေ တရားစာတွေဖြစ်တယ်။ ပန်းချီကားတွေကို ဖတ်ရင်စာရွက် လှန်ရတဲ့ ဒုက္ခတောင်ခံစရာမလိုဘူး``

ဒါက `ဂျွန်ဂီးလ်ဘတ်' ရဲ့ ပန်းချီအပေါ်မြင်တဲ့ အမြင်ပါ။ ကိုယ်ဟာ နေ့စဉ်မိုးသောက် သဘာဝပန်းချီကားကြီးထဲမှာ ပါဝင်ရှင်သန်နေရ သူတစ်ယောက်အနေနဲ့ အကောင်းဆုံး အလှ ဆုံးမြင်ကွင်း ရှုကွက်ကနေ ပါဝင်ဖြည့်ဆည်းပေးနေချင်သူပါ။

ကုန်းစံ မူလတန်းကျောင်းကလေးထဲမှာ ကလေးတွေကို စာသင်မယ်။ ကဗျာကလေးတွေ ရွတ်ဆိုစေမယ်၊ ပုံပြင်တွေပြောမယ်။ ကိုယ်လက်လှုပ်ရှားမှုတွေ ပြုလုပ်ကြမယ်။ မိုးရွာပြီးစ ရောင်စုံသက်တံခုံးကြီးကိုမော်ကြည့်ပြီး အရောင်များအကြောင်း သင်ကြားမယ်။ အပင်ကြီးငယ်တို့ ဖူးသစ်ညွန့်ဝေမှုကိုကြည့်ပြီး သဘာဝပတ်ဝန်းကျင်အပေါ်မြတ်နိုးချစ်ကြင်စိတ်တွေ ရှင်သန်ရင့်ထွား လာအောင်သွန်သင်မယ်။

မလှမ်းမကမ်းက ယာမြေတောထဲမှာတော့ မြေကြီးတွေကိုတူးဆွမယ်။ သစ်စေ့သစ်ညှောင့်တွေ ကို ပေါင်းသင်ရေလောင်းမယ်။ အသီးအပွင့် တွေကို ရိတ်သိမ်းခူးဆွတ်မယ်။ တစ်စေ့မျိုး တစ်ပင် ရှင်သန်ဖို့ရာမှာ ကိုယ်ပျိုးမိသလောက်ရိတ်သိမ်းရပြီး ပီတိတွေကိုချိုမြိန်စွာစားသုံးရတဲ့အခါ တစ်မိုး

အောက်သည် မြေပြင်မှာ အခင်တွယ်ဆုံးဆိုတဲ့ မင်းကို အဲဒီ ချိုမြိန်မှုတွေ ဆင့်ကမ်းခံစားစေချင်တဲ့ ဆန္ဒအာသီသတွေ တားလို့မရနိုင်ခဲ့ဘူး။

ကိုယ်မျှော်နေတယ် မိုးလွင်။ ကိုယ့်ရဲ့ လိုလားတောင်းဆိုမှုတွင် အနာဂတ်စိတ်ကူးအိမ်မက်တွေ ယက်ရှပ်ထားပြီး ချစ်ခြင်းရနံ့တွေ သင်းပျံ့ထုံအီနေတဲ့ စာရှည်ကြီးတစ်စောင်ဟာ အခုလောက်ဆို မင်းဆီဆိုက်ဆိုက်မြိုက်မြိုက်ရောက်နေလောက်ရောပေ့။ တစ်လဆိုတဲ့အချိန်ဟာ ကိုယ်နဲ့မင်းရှိရာ အကွာအဝေးဆီ စာတစ်စောင် ရောက်ဖို့လုံလောက်တဲ့ အချိန်ကာလ လို့လည်းကိုယ်ယူဆပါတယ်။

ကိုယ်နဲ့ပတ်သက်လို့ မင်းအမေနဲ့ အစ်မများရဲ့ ချဲ့ကားထိုးနှက်ချက်တွေအပေါ် မင်းရဲ့ ကိုယ်ပိုင်အတွေးအခေါ်တွေနဲ့ ဝေဖန်ပိုင်းခြားနိုင်လိမ့်မယ်လို့ ကိုယ်မျှော်လင့်နေတယ်။ အမှန်နဲ့ အမှားကြားမှာ ရံတားစောင့်ကြပ်နေတဲ့ အဖြေတစ်ခုကို ရှာဖွေဆုပ်ကိုင်နိုင်ဖို့ ဆင်ခြင်တုံတရား လှေငယ်ကို မင်းပိုင်ပိုင် လှော်ခတ်နိုင်ပြီလို့ ကိုယ်ယူဆတယ်။

မင်းမညှာမတာ ပြောဆိုခဲ့သလို အကျဉ်းအကျပ်မှ ထွက်ပြေးသူ တစ်ယောက်ရဲ့ အရည်အသွေး ညံ့မညံ့ကိုတော့ ဂုတ်ထိပ်ရွာကလေးဆီ အရောက်လာပြီး အကဲဖြတ်လှည့်ပါလို့ ဖိတ်ခေါ်ချင်စမ်း ပါရဲ့ကွယ်။ တောင်စဉ်တောင်တန်းတွေ ဝိုင်းရံထားတဲ့ စိမ်းလန်းငြိမ်သက်လွင်ပြင် ချိုင့်ဝှမ်းထက်မှာ လမင်းကြီး ထိန်ထိန်သာတဲ့ ညမျိုးဆို ကိုယ့်ရဲ့ တစ်ကိုယ်ရေညများဟာ မျက်ရည်များနဲ့ လိမ်းကျံ စိုစွတ်နေတယ်ဆိုတာမကွယ်မဝှက်တမ်း ဝန်ခံလိုက်ပါရစေ။

ကိုယ်ဟာ လားရှိုးမီးရထားကြီး ပြင်ဦးလွင် ဆီခုတ်မောင်းသွားတဲ့ ညနေစောင်းဆို ဟောဒီရှမ်းလို "ဟိုကွက်" လို့ခေါ်တဲ့ဂုတ်တွင်းကြီးထိပ်က သံပေါင်တံတားပေါ်ကနေ ကျဆင်း သွားတဲ့စိတ်ဓာတ်တွေ၊တစ်ကိုယ်တော် အထီးကျန်မှုတွေအတွက် အစားထိုးဖြည့်တင်းဖို့ခိုင် ကျည်သန်မာမှု

အအေးဓာတ်တွေ ထုံးကူးဖြန့်ကြက်ယူနေရတယ်။

နေ့ခင်းဘက်ဆိုရင်တော့ ပြင်ဦးလွင်မှ တက်လာတဲ့ မီးရထားပေါ်ကနေရုတ်ခနဲ ဆင်းချလာမယ့် မင်းရဲ့အရိပ်အယောင်ကို လူမသိသူမသိ မျှော်မောနေရတာ မင်းတစ်ယောက် သိစေချင်လိုက်တာ။

*

ဟော ကျောက်ကမ်းပါးစွန်းမှာ နေလုံးကြီး မေးတင်ချိန်ဆိုအလင်းဖျော့ လက်ကျန်တွေဟာ ဆည်းဆာရီညနေခင်းကို မလွှမကင်းသာ နှုတ်ဆက်နေပါပြီ။ ဒီအချိန်ဆို တံတားပေါ်က ကိုယ်ပြန်ချိန်သင့်ပြီပေါ့။ မကြာခင် အမှောင်ချဉ်းလာတော့မှာလေ၊ ဆက်သွယ်ထိန်းသိမ်းရေး စခန်းကလည်း လူသွားလူလာကို ကန့်သတ်စိစစ်နေပြီ။

သွားတော့မယ်ဆိုမှ နေပါဦးလို့ဆွဲငင်ထားသလို ကိုယ်ဟာတံတားအလယ်မှာ ရပ်တန့်ငြိမ်သက် နေမိပြန်တယ်။ ဒီနေ့အဖို့ အချိန်လင့်သွားပြီမို့ ဥမင်ကို ဖြတ်သန်းဖို့ မဖြစ်နိုင်တော့ပါဘူး။ ကိုယ်ဟာ ကောင်းကင်ကြီးဆီမှ ခွန်အားတွေတောင်ခံဖို့ လက်နှစ်ဖက်ကို မြှောက်တင်ကာ ဖန်ဆင်းရှင် ပေးသနားတော်မူတဲ့ သဘာဝလေကောင်းလေသန့်တွေ အဆုတ်ထဲရောက်အောင် ရှူသွင်း လိုက်မိတယ်။

ကိုယ်နဲ့ မေမေဟာ လှပပြေပြစ်ချင်း မတူညီကြပေမယ့် ယုံကြည်မှုချင်းတော့ တူညီကြတယ် မိုးလွင် □□သင်ဘာမှမရှိခြင်းကိုကြည့်ပြီး စိတ်ဓာတ်မကျပါနဲ့။ ဘာမှမရှိတဲ့သူကို ဘုရားသခင် စိတ်ဝင်စားတယ်။ အခြားသူများနဲ့ မိမိကိုယ်ကိုနှိုင်းယှဉ်ပြီး အားမငယ်ပါနဲ့။ ဘုရားရှင်ပေးသမျှ အကောင်းဆုံးလက်ဆောင်တွေထဲမှာ □ဘာမှမရှိခြင်း□ ဟာလည်း တစ်ခုအပါအဝင်ဖြစ်တယ် ` ` တဲ့။ ဘာမှမရှိခြင်းတွေကို ဖြည့်တင်းပေးမယ့် ကောင်းချီးလက်ဆောင်တော်တွေကို တောင်းခံနေမိတယ် မိုးလွင်။

``ဂမ်းမြောက်သည့် ဤချိန်ခါတွင်၊ လမ်းပြကျွန်ုပ်သခင်၊ အသွေးတော်နှင့် နီးစပ်မူပါ၊ ကိုယ်တော်ရှိရာ ၊ ပျော်မွေ့ခြင်း၊ အသက်တာမြတ်လှ၊ နွေးထွေးမေတ္တာတော်သည် ကျွန်ုပ်ထံ၌ တည်စေ၊ ဟာလေလုယာ နာမတော်ချီးမွမ်း``

တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းမှာ သီဆိုနေကျဓမ္မတေး အပိုင်းအစကိုရွတ်ဆိုလိုက်ဆိုရင်ပဲ ကိုယ့်ရင်ဟာငြိမ်းချမ်းမှုတွေ လွှမ်းခြုံသွားတယ်လို့ ခံစားလိုက်ရတယ်။

အတွေ့အကြုံအရ မကြာခင်မိုးကုန်တဲ့အခါ ချောက်ကမ်းပါးယံပေါ်က ရေမြောင်းကြီးတွေ အကန့်လိုက်စီးသွန်မှုရပ်ဆိုင်းသွားတော့မယ်။ ဒီအခါအောက်ခံမြေသား နီဝါဝါတွေဟာ ထင်ရှားပြတ်သားတဲ့ ကောက်ကြောင်းထင်းထင်းကြီးတွေအဖြစ်ပေါ် ထွက်လာဦးမှာပါ။

တံတားကြီးရဲ့ ဘယ်ဘက်မြင်ကွင်းကိုကြည့်ပြီး ဘယ်ဘက်နားနဲ့ နားစိုက်ထောင်လိုက်တဲ့အခါ ကွေ့ကောက်နေတဲ့ နမ်းပဆေးမြစ်ရဲ့ တိုးတိုက်စီးဆင်းသံသဲ့သဲ့ကို ကြားရလိမ့်မယ်။ ညာဘက်မြင်ကွင်းကို ကြည့်ပြီး ညာဘက်နားနဲ့ နားထောင်လိုက်တဲ့အခါ ငုတ်တွင်းထဲမြှုပ်ပြီး ပြန်ပေါ်လာတဲ့ မြစ်ကြောင်းကို ရေလုံးရေဆန်ကောင်းကောင်းနဲ့ ဖြည့်တင်းပေးနေတဲ့ ရေတံခွန်စီးသွန်ကျမှုကို မြင်ရကြားရလိမ့်မယ်။ နွေမိုးဆောင်း ရာသီမရွေးတာဝန်ကျေပွန်စွာ ဖြည့်တင်းပေးနေတဲ့ ရေမှုန်ရေမွှားတွေရဲ့ အအေးဓာတ်ဟာ ကိုယ့်ကိုသတ္တိဓာတ်တွေ ပြည့်ဂပျော်ဝင်အောင် လှုံ့ဆော်ပေးလေ့ရှိတယ် မိုးလွင်။

ကိုယ်ဟာနေ့စဉ် မိုးသောက်မြင်တွေ့နေရတဲ့ သဘာဂပန်းချီကားကြီးကို နှုတ်ဆက်တဲ့အခါ ဝန်းကျင်တစ်ခွင်လုံးမှာတော့ နမ်းပဆေးမြစ်ရဲ့ တေးကျူးသံသဲ့သဲ့နဲ့ ရေတံခွန်ရဲ့ စည်းချက် လိုက်သံသာပေါ်ထွက်နေပြီး ငှက်တွေပျံသန်သံ၊ ပိုးမွှားအော်မြည်သံတောင်မကြားရဘဲ တိတ်ဆိတ်မှုတွေ

ကြီးစိုးစပြုနေတဲ့အချိန်ကိုယ့်ခြေလှမ်းတွေ တံတားအလယ်မှနေ နောက်ကြောင်းပြန်လှည့် ခဲ့ရပါပြီ။

ကိုယ့်ခြေလှမ်းတွေ ထိန်းသိမ်းရေး စခန်းဘက်ဆီလျှောက်လှမ်းလာချိန်မှာမမျှော်လင့်ဘဲ အဲဒီ ကုန်းမြင့်ဆင်းခြေလျှောဆီမှ တံတားဆီ လူတစ်ယောက်ဆင်းလျှောက် လာတာ တွေ့လိုက်ရတယ်။ဘယ်လိုပါလိမ့်။ ဒီလိုအချိန်ကြီး တံတားကိုဖြတ်သန်းဖို့ လျှောက်လှမ်းလာသူဟာ ဘယ်လိုလူမျိုးဖြစ်မလဲ။ အရပ်ထောင်ထောင်မောင်းမောင်း ခရီးဆောင်အိတ်ကိုကျောပိုး။ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားတဲ့ ညိုညိုယဉ်ယဉ် လူတစ်ယောက်။ မျက်နှာချင်းဆိုင်အနီး ရောက်တော့ ပြုံးလိုက်ရင် နေရာရွှေ့သွားလေ့ရှိတဲ့ နှုတ်ခမ်းထက်က မှည့်နက်ကလေးမြင်မှ . . .။

``အလို ဘုရားသခင် သူ သူ မိုးလွင်``

ဆန့်တန်းကမ်းလင့် ကြိုဆိုနေတဲ့ လက်နှစ်ဖက်ကိုပြန်လည်ဆုပ်ကိုင်လိုက်မိချိန်မှာတော့ သံပေါင်တံတားရဲ့ တိတ်ဆိတ်နေတဲ့ဝန်းကျင်မှာ ကိုယ့်ရင်ခုန်သံကိုယ် အလန့်တကြား ပြန်ကြားလိုက်ရတယ်။

**မိချမ်းဝေ**

**၂၀၁၄ ဇန်နဝါရီလ၊ မဟေသီမဂ္ဂဇင်း။**

*

# အဝါရောင်ညနေခင်း

အောက်ခံမြေနီတွေနဲ့ တည်ထားတဲ့ တောင်ကုန်းမို့မို့ရွာကလေးကို နွယ်နီက လက်မွန်ဦးလို့ အမည်ပေးထားတယ်။သူ့ရဲ့ပညာရေးလောက အလုပ်စတင်ဝင်ရောက်ရာ လက်ဦးနယ်မှာ တည်ရှိလို့ပါ။ အဲဒီ ကမ်းရိုးတန်းမြို့ကလေးရဲ့ အမည်ကိုကြားလိုက်ရင် လူတွေက ပင်လယ်ကို ပြေးမြင်တတ်ကြတယ်။ မြို့ကလေးဟာ ကမ်းခြေမှာတည်ပေမယ့် ပင်လယ်နဲ့ လှမ်းပါသေးတယ်။မြို့ကလေးတည်ရှိရာ ကျွန်းမကြီးပေါ်မှာတော့ လယ်တောရွာကလေးတွေ စုစုဖွဲ့တည်ရှိနေကြတယ်။

ရွာကလေးနဲ့ မနီးမဝေးမှာ ဓနိပေါင်တုတ်တွေ စုန်ဆန်မျောပါနေလေ့ရှိတဲ့ မြစ်တစ်စင်းဟာ အလျားရှည်ကျော ခင်းရင်းရွာကလေးကို မပျင်းမရိစောင့်ရှောက်နေရှာတယ်။ မြစ်ကို အနားသတ်ထားတဲ့ ဓနိပင်တွေရဲ့ လေငင်ယိမ်းနွဲ့မှုဟာ ရွာကလေးရဲ့ ရှင်သန်ဖြစ်တည်မှုကို အားကူ ဖြည့်နေသလိုပါပဲ။ ပြန့်ပြောညီလွင်တဲ့ လယ်ကွင်းတွေကတော့ ဒီဒေသရဲ့ အဓိကအားထားရာ အသက်မွေးမှုလုပ်ငန်းပဲ ဖြစ်တယ်။

အနောက်ဖက်ဆီမှ ခပ်ညို့ညို့တောင်တန်းတွေမှာ မွေးဖွားတဲ့ စမ်းချောင်းကလေးဟာ ရွာကလေးကို ထိနမ်းပြီး မြစ်တစ်စင်းရဲ့ ရင်ခွင်ဆီတိုးဝှေ့ စီးဝင်သွားတဲ့အတွက် သူ့လက်မွန်ဦးဟာပိုမိုလှပ ကဗျာသွားတယ်လို့ နွယ်နီ ယုံကြည်နေတယ်။ အနောက်တောင်ဆီမှာ နေလုံးကြီးမေး တင်ချိန်ဆို နွယ်နီစမ်းချောင်းကလေးဆီ ရောက်လာလေ့ရှိတယ်။ ကျောက်တုံးကျောက်ခဲတွေကို ပွတ်တိုက်စီးဆင်းသွားတဲ့ စမ်းရေစီးသံရဲ့ ဂီတကြည်မြမှုဟာ သူအဖို့ တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုကို နှစ်သိမ့်ပေးနေတယ်လို့ နွယ်နီခံယူထားတယ်။

ဒါကြောင့် အလင်းဖျော့လက်ကျန်တွေ လိမ်းကျံထားတဲ့ အဝါရောင်ညနေခင်းတိုင်းမှာ နွယ်နီ စမ်းချောင်းကလေးဆီ လာလေ့ရှိတယ်။ ဒီအချိန်မှာ လယ်တောပြန်တွေဟာ ဖက်ခ မောက်တွေကိုဆောင်းလို့ ရွှံ့နှစ်တွေ ပေကျံနေတဲ့ခြေထောက်များရဲ့ သယ်ဆောင်ရာ ရွာထဲဘက်ဆီ ပြန်လာနေကြပြီ။ တစ်နေ့တာ နွမ်းနယ်နေတဲ့ နွားတွေတောင် အိမ်အပြန်ဆိုတဲ့အသိနဲ့ ခြေလှမ်းတွေသွက်သွက်နှင်လို့ပါလား။

တစ်ခါတုန်းကတော့ ဟောဒီစမ်းချောင်းကလေးရဲ့ နဘေးမှာထိုင်ပြီး နွယ်နီဟာ သူငယ်ချင်းရှင်းရှင်းအေးနဲ့ အတူ အိပ်တန်းပျံငှက်တွေကို ရေတွက်ကြည့်ဖူးပေရဲ့။ ထိလိုက်ရင် ရှန်းကျုံ့ကိုက်စင်းသွားတဲ့ ထိကရုန်းပင်တွေကို အလုအယက်ထိကိုင် အိပ်မောကျစေဖူးပေရဲ့။ တစ်ခါတစ်ရံတော့ စမ်းရေကြည်ထဲ မြင်နေရတဲ့ အမျိုးအမည်မသိ ငါးကလေးတွေရဲ့ ခြေရာကို ဖွေရှာနေမိပြန်ပါရော။

လွမ်းတယ် . . . ဘာကိုလဲ။ ဇာတိရပ်မြေပြန်သွားပြီဖြစ်တဲ့ သူငယ်ချင်းရှင်းရှင်းအေးကိုလား။ အတူတကွ ဖြတ်သန်းခဲ့ရတဲ့ အဝါရောင်ညနေခင်း ကလေးတွေကိုလား။ ရှင်းရှင်းအေးနဲ့ ပက်သက်ရင် တိုက်ဆိုင်မှုတွေ မြင်တဲ့အခါ သတိတရရှိပေမယ့် လွမ်းတယ်လို့တော့ စာမဖွဲ့လိုဘူး။ လွမ်းတယ်ဆိုတာ လွမ်းနိုင်လောက်တဲ့ စေ့ဆော်မှု အင်အားတစ်ရပ်လိုတယ်လေ။ နွယ်နီနဲ့ ရှင်းရှင်းအေးကြားမှာ အဲဒီ လွမ်းနိုင်လောက်တဲ့ စေ့ဆော်မှုအင်အားတစ်ရပ်ဘယ်အချိန်မှာ ပျောက်ဆုံးခဲ့သလဲ။

တကယ်ဆို နွယ်နီနဲ့ ရှင်းရှင်းအေးဟာ မိဝေးဖဝေး တိုင်းခြားမြေခြားမှာ အရင်းနှီးဆုံး ဆွေမျိုးသားချင်းတွေပဲ ဖြစ်သင့်တာမဟုတ်လား။ တစ်ယောက်မရှိလို့မှ တစ်ယောက်က လွမ်းလောက်ဖွယ်မရှိဘူးဆိုတာက ကောင်းတဲ့လက္ခဏာမဟုတ်ပေဘူး။ တစ်မြို့တည်းနေ တစ်ရေတည်း သောက်ခဲ့ကြပေမယ့် ပေါက်ဖွားကြီးပြင်းပုံချင်းမတူတဲ့ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေး ဟာ အများမြင်နေသလိုတော့ အချောမွေ့ကြီးမဟုတ်လှဘူး။ ဒါပေမယ့်

သူတို့နှစ်ယောက်စလုံးမှာ သူ့ဘောင်ကိုယ့်ဘောင် ကန့်သတ်ထားတဲ့ ဟန်ကလေးကိုယ်စီရှိကြတယ်။ အဲဒီ ဟန်ကလေးနဲ့ ဟန့်ထားထိန်းချုပ်ထားလို့ ဆူညံပေါက်ကွဲမှုတွေ မဖြစ်ဘဲ ဣန္ဒြေရရလမ်းခွဲ နှုတ်ဆက်နိုင်ခဲ့တယ်လို့ ထင်ရတာ ပါပဲ။ ဒီလိုဟန့်တားထိန်းချုပ်နိုင်တဲ့ ဟန်ကလေးက သူတို့ရဲ့ အလုပ်အကိုင် ဆွဲခန့်ဆရာမဆိုတဲ့ ပင်စည်အကိုင်းအလက်က ခက်ဝေလာတဲ့ ကိုင်းဆက်တွေလို့ ဆိုရင် ရမယ် ထင်တယ်။

အသွင်မတူတဲ့ သူတို့နှစ်ဦးကို လက်မွန်ဦးရွာကလေးမှာ ပေါင်းစပ်တွေ့ဆုံစေကာ ကံတရားရဲ့ အပြင်းပြေဆော့ ကစားမှု ပေလားလို့ တစ်ခါတစ်ခါ နွယ်နီတွေးနေမိတယ်။ တစ်ကျောင်းတည်း ထွက်တွေဖြစ်လို့ မေးပြောခေါ်ထူးအဆင့်က မကျော်လွန်ခဲ့တဲ့ သူတို့နှစ်ယောက်ဟာ ဝေးလံ သီခေါင်လှတဲ့ ကမ်းရိုးတမ်းမြို့ကလေးဆီ အတူရောက်လာဖို့ဆိုတာ တော်ယုံတိုက်ဆိုင်မှုနဲ့ မဖြစ်လောက်ပေဘူး။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဆက်မတက်ခင် ဌာနတစ်ခု မှာ အတူတကွ လုပ်အားပေးရင်း ဆွဲခန့်လျှောက်လွှာတွေ သူတို့လက်ထက်ရောက်လာခြင်းက ဘဝတစ်ဆစ်ချိုး အတွက် ကံကြမ္မာအင်ဂျင်စက်ကြီးနှိုးလိုက်သလိုပါပဲ။

“ရှင်းရှင်းအေးရေ ငါတော့ ဖြည့်ထားပြီးပြီကွယ် မင်းဖြည့်ပြီးရင် တို့တတွေအတူ ပို့လိုက်ရုံပါပဲ”

“ပြစမ်းပါဦး အမယ် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းတဲ့။ အဲဒါတွေ ထည့်လျှောက်ထားပြီး တကယ်ခေါ်တော့သွားမှာမို့လား”

“သွားမှာပေါ့ကွ ဘယ်ပြည်နယ် ဘယ်တိုင်းရောက်ရောက် သွားဖြစ်အောင်ကိုသွားမှာ”

တကယ်တန်း ပုံစံဖြည့်ပြီးတင်ကြတော့ သူတို့လိုပင်

အခြားလုပ်အားပေးများလည်း အဝေးရောက်ဆွဲခန့် အလုပ်ကို လျှောက်ကြကြောင်း သိရတော့တယ်။ နှစ်လအကြာ အော်ဒါ ထွက်လာတော့ အခြားသူများထံခေါ်စာမရောက် သူတို့နှစ်ယောက်ထံသာ ခေါ်စာရောက်ကြောင်း သိရတော့ ထပ်ဆင့်အံ့သြရပြန်ပါတယ်။

နွယ်နီက သွားဖို့လာဖို့ သွက်သွက်လက်လက် ပြင်ဆင်နေသလောက် ရှင်းရှင်းအေးက သူ့မူဟန်အတိုင်း ရေရေရာရာ မပိုင်းဖြတ်နိုင်သေးတဲ့ပုံနဲ့ မတုန်မလှုပ် အေးစက်နေလိုက်တာ လျှောက်လွှာကို သူကိုယ်တိုင်လိုလိုချင်ချင်မဖြည့်ဘဲ သူတစ်ပါးက တိုက်တွန်းလို့ လုပ်ရသလို ဘာလို လိုနဲ့ နွယ်နီ ရှင်းရှင်းအေးရဲ့ အဲဒီ ပုံစံကို မကြိုက်တာ။

“ဘယ်လိုလဲ ရှင်းရှင်းအေးရယ် သွားမှာလား”

“ငါကတော့လျှောက်လွှာတင်ကတည်းက ဘယ်တောဘယ်ချောင်ရောက်ရောက်သွားမယ်လို့ ဆုံးဖြတ်ပြီးသား၊ သွားရမယ့်လမ်းက ကိုယ့်လမ်းကိုယ်ထွင်ပြီး သွားရမှာမို့ သတ္တိတော့ရှိဖို့လိုတယ်။”

“ဒါဆိုရင် နင်အိမ်မှာ လိုက်ပြောပေးဟာ”

ရှင်းရှင်းအေးက အိမ်မှာ အငယ်ဆုံးဆိုတော့ အားလုံးကစုပုံချစ်ထားတာမို့ ဒီလောက်ဝေးလံ တဲ့အရပ်ဒေသမှာ သွားပြီး အလုပ်လုပ်ဖို့ ဘယ်သူမှ သဘောမတူကြဘူး။ ဒါကိုသဘော မတူတူအောင်ပြောမယ်ဆိုတော့ နွယ်နီနည်းနည်းတော့ရွံ့နေတယ်။ ဒါပေမယ့် သိတယ်မဟုတ်လား။ ဒါဟာ နွယ်နီလေ။ မတောက်တစ်ခေါက်ဖတ်ထားတဲ့ စာပေအခံကလေးနဲ့ သိသလောက် မှတ်သလောက် ပြောဟောလိုက်တာ ရှင်းရှင်းအေးအိမ်က လူကြီးတွေ ခေါင်းငြိမ့်တဲ့ဆီရောက်ပါရော။

ဒီလိုနဲ့ သူတို့နှစ်ယောက် ကမ်းရိုးတန်းမြို့ကလေးဆီရောက်ခဲ့ရောဆိုပါတော့။ လေယာဉ်စီး

ခရီးအတွေ့အကြုံမရှိတဲ့ သူတို့နှစ်ယောက်အဖို့
အတော်ကိုစိတ်လှုပ်ရှားတုန်လှုပ်မှုတွေ ဖိစီးတာ ခံလိုက်ရသေးတယ်။ ဒီခရီးဟာ
သူတို့နှစ်ယောက်အတွက် ပထမဦးဆုံးလေယာဉ်စီးခရီးဖြစ်သလို လူကြီးမပါဘဲ
ထွက်ခဲ့ရတဲ့ ပထမဦးဆုံးခရီးစဉ်ပဲ ဖြစ်တယ်။

ကမ်းရိုးတန်းမြို့ကလေးကမှ တစ်ဆင့် လယ်တောရွာက လေးဆီ
ခရီးဆန့်ခဲ့ရတဲ့ သူတို့နှစ်ယောက်ဟာ မြေနီတောင်ကုန်းမို့မို့ပေါ်က စိမ်းရိပ်
အုပ်အုပ်ရွာကလေးကိုမြင်တော့ စိုးရိမ်ပူပန်မှုတွေ လွင့်စဉ်လို့ အပျော်ကြီး
ပျော်သွားခဲ့ကြတယ်။ ရွာကလေးက မြစ်ကမ်းပါးကနေ အတွင်းကို
သုံးမိုင်လောက်ဝင်မှ ရောက်တာမို့ ခရီးလမ်းကွာလှမ်းမှု အပေါ်မှာတော့
ရွာကလေးကို ချစ်ခင်နားလည်မှုနဲ့သူတို့နားလည်ပေးခဲ့ရပြန်ပါတယ်။
လွင်ပြင်ကျယ်ပြန့်ပြီး ဘယ်ဆီကြည့်ကြည့် လယ်ကွင်းပြင်တွေသာ မြင်ရမှုရယ်၊
မနီးမဝေးက စမ်းချောင်းကလေး စီးဆင်းမှုရယ်၊
ရွာနဲ့တစ်စပ်တည်းဖြောင့်တန်းညီညာကိုင်းလက်ရွက်ရှင်တွေ ဝေဆာနေတဲ့
ရော်ဘာတွေရယ်၊ လက်မွန်ဦးရွာ ကလေးရဲ့ ဝန်းကျင်ကို
သဘောကျနှစ်ခြိုက်နေရင်းနဲ့ အခြားစာမဖွဲ့ လောက်တဲ့ အဆင်မပြေမှုတွေကို
မျက်နှာလွှဲထားကြတော့တယ်။

သူတို့ဟာ သူတို့ရဲ့ ဆယ်တန်းအောင်လက်မှတ်တွေကို
တင်းတင်းဆုပ်ကိုင်ပြီး ဆွဲခန့်ဆရာမဆိုတဲ့ ဝတ်ရုံကို ရဲရဲခြုံလို့
လူမှုဝန်းကျင်သစ်ဆီတိုးဝင်ခဲ့ရပေမယ့် တကယ်တန်း မှာတော့သူတို့နှစ်ယောက်ဟာ
အတွေ့အကြုံအရရောအရွယ်အရပါ အတော်ပဲနုနယ်ကြသေးသူများ ဖြစ်တယ်။
အထက်တန်းကျောင်းကြီးမှ တစ်ကျောင်းတည်းထွက်သူငယ်ချင်းတွေဖြစ်ကြတာမို့
တစ်ယောက်နှင့် တစ်ယောက်ခင်မင် ရင်းနှီးမှုတွေဟာ လက်မွန်ဦးရွာကလေးမှာ
အတူတကွ နေ့စဉ်မိုးသောက် အိပ်အတူစားအတူ နေထိုင်လာကြတဲ့အခါ
ပိုပြီးရင်းနှီးခင်မင်ရမယ့်အစား အသေးအမွှားချို့ယွင်းချက် ကလေးတွေက

စိတ်အနှောက်အယှက်ဖြစ်စရာ အံ့ဖွယ်တွေ့ရ ပါတော့တယ်။

သူတို့နှစ်ယောက်ရဲ့ မျက်နှာအနေအထားလှပမှုက သိပ်အကွာကြီးမဟုတ်ပေမယ့် ဆင်ယင်ထုံးဖွဲ့မှုဟန်ပန်က သတိထားမိရင် အတော်လေးကွာဟတာတွေ့ရလိမ့်မယ်။ နွယ်နီက ဆံပင်မတိုမရှည် မျက်လုံးဝိုင်းဝိုင်း နှုတ်ခမ်းစုစု မျက်နှာပြည့်ပြည့်နဲ့ လှုပ်ရှားမှုဟန်ပန်သွက်လက်တယ်။ ရှင်းရှင်းအေးက မျက်ခုံးနက်နက်၊ နှာတံထင်းထင်း၊ ကကြိုးပုံ နှုတ်ခမ်းကလေးနဲ့ ဆွဲဆောင်မှုအရှိဆုံးကတကောက်ကွေးအထိရှည်တဲ့ ဆံပင်ရှည်ကြီးတွေပါပဲ။ နက်မှောင် ရှည်လျားသန်စွမ်းတဲ့ ဆံပင်ရှည်ကြီးတွေဟာ မြင့်သွယ်သွယ် အရပ်အမောင်းနဲ့ လိုက်ဖက်စွာမြင်ရသူရဲ့ စိတ်ဘဝင်ကို ယူကြုံးဆွဲငင်နေတော့တယ်။ သူက နွယ်နီနဲ့ ဆန့်ကျင်စွာ လှုပ်ရှားမှု ဟန်ပန် လေးကန်နှေးကွေးတယ်။ စကားပြောရင် တိုးတိုးညင်းညင်း သိမ်မွေ့ညင်သာစွာ မပွင့်တပွင့် ပြောနေရင်းနဲ့ တစ်ချက်တစ်ချက်မျက်လွှာကလေးချ၊ ချလိုက်ပုံက ရိုးဟန်ဖွဲ့နေတဲ့ ဆနန်းကျယ် မှုတစ်ရပ်ဖြစ်နေတော့တယ်။

သူတို့နှစ်ယောက် ခန္ဓာကိုယ်ဖွဲ့စည်းပုံနဲ့ ဟန်ပန်အမူအရာသာ ကွာခြားတာမဟုတ် ဝတ်စား ဆင်ယင်မှုလည်း ကွာခြားနေတယ်တွေ့ရတယ်။ နွယ်နီက အဝတ်အစားကို ခေတ်မီမီ ဝတ်စားလေ့ ရှိတယ်။ နွယ်နီ့ အကျႌ တွေဆို ခေတ်ပေါ်လက်အဖောင်း၊ အကား၊ လည်ပင်းလေးတောင့်၊ ဇလား ပုံစသည်ဖြင့် ပေါ်သမျှ ပုံအဆန်းတွေကို ခေတ်မီလှပအောင် ချုပ်ဝတ်လေ့ရှိတယ်။ ရှင်းရှင်းအေး ကတော့ သူ့အမေ ရှေးရိုးစွဲကြီး စီမံသမျှ ခပ်ရိုးရိုး ခပ်တုံးတုံး အကျႌစ အသားကအစ ပေါ်သလောက်ကိုပေါ်မတင် အဆင်သေးအဆင်နုတ်တွေသာ ရိုးရိုးယဉ်ယဉ်ဆင်လေတော့ မြင်လိုက်တာနဲ့ သူတို့နှစ်ယောက်ရဲ့ ကွဲပြားခြားနားမှုဟာ အများအမြင်မှာ သိတာထင်ရှား နေတော့တယ်။

ရွာအနေနဲ့ကလည်း ကျေးလက်တောရွာအနေအထားအရ

ရွာသူရွာသားတွေရဲ့မျက်စိမှာ ရိုးရိုးလေးနဲ့ ယဉ်နေတဲ့ ရှင်းရှင်းအေးကို အမှတ်ပိုပေးမိကြတာပေ့ါ။ ကျေးလက်ဆိုတာက အမြင်အတွေး ရိုးတယ်လေ။ သူတို့ကရှေးရိုးစွဲ အမြင်နဲ့ ဆံပင်ရှည်တာကို ကျက်သရေရှိတယ်လို့ ယူဆတာကိုး။ ဒီတော့ နှစ်ယောက်ယှဉ်ပြီး ထွက်လာပြီဆို ရှင်းရှင်းအေးကိုချည်း ရှေ့တန်းတင် ချီးကျူးကြတော့တာပါပဲ။ အဲဒီ လိုလှတယ် မလှဘူး ရပ်ရွာကမှတ်ချက်အပေါ် နွယ်နီကဘာမှ မခံစားရဘူး။ သူ့သူငယ်ချင်းကို လှတယ်ပြောတာ သူ့ကိုပြောတာလိုဘဲ လက်ခံသဘောကျ နေတတ်တယ်။ သူကသူ့အလှကို ယုံကြည်စိတ်ချပြီးသားလေ။ သူ့မှာရှင်းရှင်းအေးလို သန်စွမ်း နက်မှောင်ရှည်လျားတဲ့ ဆံပင်ရှည်ကြီးမရှိပေမယ့် သူ့မှာရှိတဲ့ အလှတရားတွေက တစ်ဖက်သားအပေါ် ဆွဲဆောင်မှုမနည်းလှဘူးလို့ သူ့ကိုယ်သူ ယုံကြည်စိတ်ချနေတယ်။

ဒီလိုနဲ့ ကာလသားတွေကြားထဲမှာလည်း နွယ်နီ့အလှနဲ့ ရှင်းရှင်းအေးအလှ ကြိုက်သူ မကြိုက်သူ အုပ်စုတွေ ကွဲပြားကုန်တော့တယ်။ ဒါကလည်း ကိစ္စမရှိပါဘူး။ လူ့အလို နတ်မလိုက်နိုင်ဆိုတဲ့ စကားတောင် ရှိသားပဲဟာ။ လူတွေရဲ့ လိုအင်ဆန္ဒတွေဟာ ဘယ်လိုမှ တစ်ထပ်တည်း တစ်သားတည်း မရှိနိုင်ဘူးဆိုတာ နွယ်နီသိပြီးသားပါ။ ခက်တာက ရှင်းရှင်းအေးဟာ လူတကာကအသိအမှတ်ပြုလေ အသိအမှတ်ပြုခံချင်လေဖြစ်တဲ့ ကိစ္စပါပဲ။

ဒီလိုပါ ရွာကို ဆွဲခန့်ဆရာမလေးနှစ်ယောက် ရောက်လာတယ်ဆိုတော့ ရွာလူထုက ဂမ်းသာအားရနဲ့ သူတို့နှစ်ယောက်ရဲ့နေရေး ထိုင်ရေးကို စီစဉ်ပေးကြတယ်။ ရွာလူကြီးရဲ့ အိမ်မှာ နေဖို့စီစဉ်ကြတယ် ဆိုပါတော့။ ရွာလူကြီး ဦးဘအောင်ရယ် သူ့မိန်းမ ဒေါ်ဌေးရယ် သမီးလေး ငြိမ်းတုတ်ရယ်ဆိုတော့ အဲဒီ အိမ်ကြီးမှာအတော်ကို ချောင်ချောင်ချိချိ ရှိတာ၊ ဆရာမလေးနှစ်ယောက် ရောက်လာတော့ အိမ်တောင်နွေးသေးရဲ့။ ဒီတော့ ဦးဘအောင်အိမ်ကို ရောက်ပြီးမကြာဘူး။ နွယ်နီနဲ့ ရှင်းရှင်းအေးဟာ အိမ်တာဝန်တွေကို ခွဲယူလိုက်တော့တယ်။

ရှင်းရှင်းအေးက အိမ်ပေါ်အိမ်အောက်သန့်ရှင်းရေးတာဝန်၊ နွယ်နီက မီးဖိုချောင်တာဝန်ဆိုပြီး ခွဲလိုက်ကြတယ်။ ရှင်းရှင်းအေးက သူ့အိမ်မှာ အငယ်ဆုံးဆိုတော့ ချက်ရေးပြုတ်ရေးကိစ္စ သူနဲ့ဝေးတာမို့ အိမ်သန့်ရှင်းရေးကို သူ့ဘာသာသူ တာဝန်ယူခဲ့တာပါ။ နွယ်နီကလည်းဒီကိစ္စကို အမှတ်တမဲ့ပါဘဲ။ နွယ်နီဆိုတာ သူ့အိမ်မှာ ဒီလိုမီးဖိုချောင်ကိစ္စကို ဒေါင်းတင်မောင်းတင် မလုပ်ခဲ့ဘူးပေမယ့် ရောက်တဲ့အရပ်မှာ ပျော်အောင်နေ တွေ့တဲ့သူနဲ့ သင့်အောင်ပေါင်း သဘောတရားအရ ကျရာတာဝန်တို့လည်း ကျေပွန်ချင်တဲ့ဆန္ဒချက်ရေးပြုတ်ရေးကိစ္စတွေ ကြိုးစား လုပ်ကိုင်ရှာတယ်။ လုပ်ကြစို့ဟေဆိုတော့ မီးဖိုချောင် အချက်အပြုတ်ကိစ္စဟာ ထင်သလောက် မလွယ်ဘူးဖြစ်နေတယ်။ ဦးဘအောင်တို့က လယ်ပိုင်ရှင်တွေမို့ သူတို့အခေါ် (ရင်ခ) လယ်သူရင်းငှားတွေ သုံးလေးယောက်အမြဲလိုရှိတယ်။ သူရင်းငှားတွေဟာ ဟင်းကောင်းချင်ကောင်း၊ မကောင်းချင်နေ ငါးပိထောင်းရှိရင် စားဖြစ်ကြသူတွေမို့ တစ်နေ့တစ်နေ့တစ်ပြည် ဝင်အိုးကြီး တင်ရချရတာ နွယ်နီအတွက် ပင်ပန်းကြီးစွာဖြစ်နေတော့တာပေ့ါ။

မနက်တစ်ပြည် ညတစ်ပြည် ပြည်ဝင်အိုးကြီးနဲ့ နွယ်နီမီးဖိုမှာ ချွေးပြိုက်ပြိုက်ကျနေတဲ့အချိန်ဆို ရှင်းရှင်းအေးကသီချင်းကလေး တအေးအေးနဲ့ အိမ်ပေါ်မှာ ကြက်တောင်မွေး တံမြက်စည်းကလေးခါ ကြမ်းပြင်ကို အဝတ်ရေစိုနဲ့ ပွတ်တိုက်နေတော့တာပေ့ါ။ အိမ်ရှေ့မှာဖြတ်သွားတဲ့ လူတွေက ဘယ်သူ့အလုပ်လုပ်နေတာတွေ့မလဲ။ ရှင်းရှင်းအေးတံမြက်လှည်း ကြမ်းတိုက်နေတာပဲတွေ့တာလေ။ ဒီတော့အရပ်ထဲက မိန်းမကြီးတွေရဲ့ ပါးစပ်ဖျားမှာ ?? ရှင်းရှင်းအေးကအိမ်မဥ ကိစ္စတော်တယ် ?? ဆိုတဲ့ ချီးမွမ်းသံတွေ စီညံနေတော့တာပေ့ါ။

သူတို့ရေငင်ရာ ဟင်းရွက်ဆွတ်ရာတွေမှာ ဒီချီးမွမ်းစကားသံတွေကျယ်လောင်လာတာ နွယ်နီပြန်ကြားတဲ့အထိပါပဲ။

ပထမတော့ ဖာသာနေမိပေမယ့် ကြာလာတော့ ရှင်းရှင်းအေး တော်တယ်လို့ ချီးကျူးနေတာ နွယ်နီညှံ့ဖျင်းတာကို ဖော်ပြနေသလိုဖြစ်ပြီး နွယ်နီရင်ထဲ အစိုင်အခဲတွေဟာ မသိမသာ အုံကျင်းဖွဲ့နေတော့တယ်။ တကယ်တော့ ပင်ပန်းတာကသူ ၊ လုပ်အားအရင်းအလုံးကို သုံးရတာ ကသူ၊ တကယ် နာမည်ကောင်းရတော့ ရှင်းရှင်းအေးဆိုတော့ နွယ်နီ ခံစားရမယ်ဆိုလည်း ခံစားချင်စရာပဲပေါ့။

တကယ်ဆိုဒါဟာ ဘာမှမဟုတ်တဲ့ အသေးအဖွဲကလေးတွေပါ။ တစ်စုံတစ်ယောက်ကို ထုတ်ဖော်ဖွင့်ဟပြောကောင်းတဲ့ အရာတောင်မဟုတ်ဘူး။ အဲဒီ လို အသေးအဖွဲကနေ တစ်ယောက်နဲ့တစ်ယောက် မသိမသာစိတ်ဂမ်းကွဲ မှုကလေးတွေ ဖြစ်လာတာ မယုံကြည်နိုင်စရာပါပဲ။ အတူနေကြည့်တော့ အပြင်ဘန်းကအလှမှာ အယဉ်ဆင့်နေတဲ့ ရှင်းရှင်းအေးရဲ့ အတွင်းမနော မဖြူစင်မှုလေးတွေကလည်း တဖြည်းဖြည်းနဲ့ ပေါ်လာတော့တယ်ဆိုပါတော့။

တစ်နေရာကို သွားကြတော့မယ်ဆိုရင် နွယ်နီဟာ သူ့မှာရှိတဲ့ အကောင်းစား အကျႌ ပုံလှလှလေးတွေကို ထုတ်ဝတ်ဖို့ အခွင့်အရေးမရရှာဘူး။ ရှင်းရှင်းအေးမှာက အကျႌဆန်းတွေ မရှိဘူးလေ။တကယ်လို့များ နွယ်နီက မသိသားဆိုးရွားပြီး သူ့မှာရှိတဲ့ အကျႌ အကောင်း တွေဝတ်သွားတဲ့နေ့ဆို အဲဒီ ခရီးလမ်းမှာ ရှင်းရှင်းအေးဝတ်တဲ့အဝတ်နဲ့တူညီတဲ့ အစလောက်ကို ရွေးချယ်ဝတ်ဆင်ရတော့တယ်။

ဒါကလည်း အတူနေ သူငယ်ချင်းအပေါ်ညှာတာတဲ့ သဘောလည်းပါပါတယ်။ နွယ်နီက သူ့အလှသူယုံတာမို့ ဘာဝတ်ဝတ်လှမယ်ဆိုတဲ့ သဘောနဲ့အလျှော့ပေးတာလည်း ဖြစ်နိုင်တယ်။ နောက်တစ်ချက်က သူတို့နှစ်ယောက် ပင်ကိုစရိုက် ကွဲပြားခြားနားမှုကလည်း ပတ်ဝန်းကျင်က သူတို့အပေါ် ချစ်ခင်နွေးထွေးခြင်း သက်ရောက်မှုအတိုင်းအတာ ကွာဟသွားစေတာတွေရတယ်။

စောစောက ပြောသလို ရှင်းရှင်းအေးက အလုပ်ဆိုရင်လူမြင်သူမြင်လူချီးမွမ်းခံတဲ့ အလုပ်ကိုပဲ လုပ်ချင်သလို စကားကျတော့လည်း ချွဲချွဲနွဲ့နွဲ့ ပြောတတ်လေ့ရှိတယ်။ အထူးသဖြင့် လူကြီးသူမတွေနှင့် ပြောတဲ့အခါမှာပေါ့။ သူ့မို့လို့ စကားပြောရင်တယောသံ ရှည်လိုစေးနဲ့ချွဲပစ် နေတာမျိုးကို နွယ်နီက ကြားလို့မရဘူး။ ဒါဟာပင်ကိုမဟုတ်ဘူးလို့ယူဆတယ်။ နွယ်နီက အစတည်းက စကားပြောရင် တိုပြတ်ပြတ်။ စာတော်ပေတွေဖတ်ထားတော့ စကားလုံးကိုလည်း ရွေးပြီးပြောတယ်။ မလိုအပ်ဘ ဘယ်သူနဲ့မှ လေကြောရှည်ဖွဲ့နွဲ့ ပြီးပြောမနေဘူး။ သူ့အလုပ်သူလုပ် အားရင်စာဖတ်နေတော့ နွယ်နီဟာ အရပ်နဲ့ ကင်းသလိုဖြစ်နေတယ်၊

ဒီတော့ ကာလသားတွေ ပါးစပ်ဖျားဖျားမှာရော ရွာထဲက မိန်းမကြီးတွေ ပါးစပ်ဖျားမှာပါ ဆရာမလေး ရှင်းရှင်းအေးရဲ့ အမည်သတင်းသာတမွှေးပျံ့ပျံ့ဖြစ်နေတော့တာပေါ့။ နောက်တစ်ချက်က ဒီဒေသအပေါ်မြင်တဲ့ အမြင်ကလည်းသူတို့နှစ်ယောက် ကွာခြားမှုရှိသေးတယ်။ ဒီဒေသဟာ ကမ်းရိုးတန်းဒေသဖြစ်လို့ ပြည်မနဲ့ စကားအသုံးအနှုန်း လေယူလေသိမ်းမတူဘူး။ တချို့ဆင်တူသယောင်ဖြစ်ပေမယ့် တချို့လုံးဝ ကွဲပြားခြားနားသွားတာတွေ့ရတယ်။

သူတို့ ဒီရွာကို ရောက်စမှာ အဲဒီ ဒေသသုံးဝေါဟာရတွေကို နားထဲမှာယဉ်လာအောင် အရင်ကြိုးစားရတယ်။ သူတို့စကားကို ကိုယ်နားလည်ဖို့ အရေးကြီးတယ်။ ကိုယ့်စကားကိုကျတော့ ဘယ်လိုပြောပြောသူတို့နားလည်ကြတယ်။ ဒီတော့ နွယ်နီက ဒေသသုံးတွေ ကိုနားလည် အောင်ကြိုးစားပြီး ပြောတဲ့အခါကျတော့ ကိုယ့်ဇာတိ မွန်ပြည်နယ်ကအသံနဲ့ပဲ ပြောတယ်။

ဒါပေမယ့် ရှင်းရှင်းအေးကတော့ ဒီလိုမဟုတ်ဘူး။ သူက ဒေသ သုံးတွေနားလည်အောင်ကြိုးစားတာအပြင် အဲဒီ ကလေယူလေသိမ်းနဲ့

ပြောတတ်အောင်လည်း ကြိုးစားပြီး ပြောတယ်။ ရုတ်တရက်တော့ မဖြစ်နိုင်ပါဘူး။ ဒေသတစ်ခုမှာ ပျော်ဝင်ဖို့ဆိုတာ အခြားအမူအကျင့် မပြောနဲ့ လေယူလေသိမ်းကလေးတူဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ အဲဒီ မလွယ်တဲ့အလုပ်ကို တခုတ်တရ ကျင့်ကြံနေတော့ ရှင်းရှင်းအေးရဲ့တောင်မရောက် မြောက်မရောက်အသံကြားရင် နွယ်နီ နားကလောနေတော့တာပဲ။ ဒီဒေသမှာ ဆယ်နှစ်ဆယ်မိုးနေလို့ ဒီအသံဖြစ်သွားတာမျိုးက ကိစ္စမရှိဘူးလေ။ အခုကိုယ့်ဒေသသံကိုပစ်ပြီး စောစောစီးစီး လုပ်ကြံပြောဆိုနေတာကိုတော့ နားကြားပြင်းကပ်နေတော့တာပေါ့။

ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ မတည့်အတူနေဖြစ်နေကြတယ်။ ခွန်းကြီးခွန်းငယ် စကားများကြတာမဟုတ်ဘဲနဲ့ ရင်ထဲမှာ စိမ်းဆတ်ကွာ ဝေးနေတဲ့ ရက်တွေဟာ တဖြည်းဖြည်း ရင့်မှည့်လာတယ်။ အဆင်ပြေချင်ပြေ မပြေချင်နေ မျက်နှာစိမ်းတွေကြားမှာ အရင်းနှီးဆုံးသားချင်းတွေ အဖြစ် ဟန်မပျက် နေထိုင်ရင်း ငုံးဆူလူမသိ လုပ်နေကြတော့တယ်။

ရွာကလေးမှာ ဘယ်သူတွေ ဘာပြောပြော သူတို့နှစ်ယောက်စလုံးအပေါ် ဖြူစင်မေတ္တာ ကြီးမားစွာနဲ့ ချစ်ခင်ခဲ့တဲ့ အရီးလုံးကြိုင်ဆိုတာရှိတယ်။ အရီးလုံးကြိုင်တို့က ဒီရွာက အချမ်းသာဆုံး။ လယ်တောတွေ ရော်ဘာခြံတွေ သီဟိုခြံတွေ ပိုင်ဆိုင်ပြီးသားကြီးသမီးကြီးတွေက မြို့မှာအိမ်ကြီးရခိုင်နဲ့ လုပ်ငန်းကြီးတွေ လုပ်ကြတယ်။ ရွာမှာတော့ အငယ်ဆုံး သားနောင်ကောင်းဇံတစ်ယောက်သာ အရီးလုံးကြိုင်နဲ့နေတာ တွေ့ရတယ်။ နောင်ကောင်းဇံ က သူဌေးသားပီပီ ရွာမှာဘာမှ ဟုတ်တိပတ်တိ လုပ်တာမဟုတ်ဘူး။ အားလုံးအလုပ်သမားတွေနဲ့ လွှဲထားပြီး သူက မြို့တက်လိုက်တောဆင်းလိုက်နဲ့ အချိန်ကုန်နေတာ။

အရီးလုံးကြိုင်က ဆရာမလေးနှစ်ယောက်ကို ခင်ရှာတယ်။ မကြာခဏအိမ်မှာ မုန့်လုပ်စားရင် ဖိတ်ကျွေးလေ့ရှိတယ်။ မြို့မှာလစာသွားထုတ်ရင်

သူ့သားကြီးသမီးကြီးတွေ အိမ်မှာတည်းစေတယ်။ နွယ်နီရော ရှင်းရှင်းအေးပါ အရီးလုံးကြိုင်ကို ခင်ကြတယ်။ အရီးလုံးကြိုင်က ကိစ္စရှိလို့ လာခဲ့ဦးဆို မငြင်းတမ်း သွားလေ့ရှိတယ်။ ဒီလိုဆိုတော့ ရွာထဲမှာတီးတိုးတီးတိုး သဖန်းပိုး ဖြစ်ပြန်ရော။ အရီးလုံးကြိုင်ကပဲ သူ့သား နောင်ကောင်းဇံနဲ့ ဆရာမလေးနှစ်ယောက်ထဲက တစ်ယောက်နဲ့ ဆက်သွယ်နေသလိုလို။

သူတို့နှစ်ယောက်ကျောင်းက ပြန်လာ ရေချိုးပြီးတဲ့အခါ မလှမ်းမကမ်းက စမ်းချောင်းကလေးဆီ ထွက်လာလေ့ရှိတယ်။ အညောင်း အညာပြေလမ်းလျှောက်ချင်တာရော ပြင်ပလေ ရှူရှိုက်ချင်တာကပါ။ စမ်းချောင်းကလေးဆီသွားတဲ့ ကိစ္စဟာ နေ့စဉ်မပျက်ဝတ္တရားတစ်ခုလိုဖြစ် နေတော့တယ်။ စမ်းချောင်းကလေးဆီရောက်ရင် မြက်ခင်းစိမ်းစိုပေါ် ခြေပစ်လက်ပစ်ထိုင်ချလို့ လွင့်မျောကျယ်ပြန့်လှတဲ့ ကောင်းကင်ပန်းချီကားကို ခံစားတဲ့အခါ ခံစား၊ အိမ်လွမ်းတေးကို ဆိုတဲ့အခါဆို၊ စိတ်ကိုလိုသလို လွှင့်ထုတ်လေ့ရှိတယ်၊ ဒီနေရာမှာလည်းနွယ်နီနဲ့ ရှင်းရှင်းအေး ဟာအနည်းငယ်ကွဲလွဲနေပြန်တယ်။

ရှင်းရှင်းအေးက ခပ်ပျော့ပျော့ဆိုတော့ အိမ်ကို အရမ်းလွမ်းတယ် ကိုယ့်သဘောကိုယ် ဆောင်ပြီးလာခဲ့ရတဲ့ ခရီးအတွက် ဘာကိုမှန်းမသိ နောင်တတွေရလေ့ရှိတယ်။ ရွာကလေး မြို့ပြနဲ့ဝေးတာကိုလား၊ ဘာကိုမှန်းမသိ သူ့အလိုမကျတာအမှန်ပဲ။ နွယ်နီကတော့ လွမ်းစရာအိမ်မရှိသလို ပစ္စက္ခအနေအထားကို ကျေနပ်နေလေ့ရှိတယ်။ အိမ်ရဲ့ ပြင်ပမှာတွေ့ရတဲ့ ထူးခြားဆန်းကျယ်တဲ့ အရာမှန်သမျှ အတွေ့အကြုံ အသစ်အဆန်းတွေအဖြစ်လာသမျှ လက်သင့်ခံဖို့ အဆင်သင့်ပြင်ထားတယ်။

ဒါကြောင့် စမ်းချောင်းကလေးဆီရောက်တဲ့အခါ သူတို့စိတ်ထွက်ပေါက်ဟာ တစ်နေရာတည်း တစ်ခုတည်းမှာ ထပ်တူကျမနေဘူး။ အဲဒီ လို သူတို့နှစ်ယောက် အဝါရောင်ညနေခင်းကလေးကို ဖြတ်သန်းနေချိန်ဆို

နောင်ကောင်းဇံဟာ အမှတ်မထင်သလိုလိုနဲ့ တမင်ရောက်လာလေ့ရှိတယ်။ သူတို့နှစ်ယောက်ထဲက နောင်ကောင်းဇံရဲ့ ပစ်မှတ်ဟာ ဘယ်သူလဲ။

တစ်နေ့တော့ နွယ်နီဟာချက်ဆိုနားခွက်က မီးတောက်စရာကြုံရတော့တယ်။ နောင်ကောင်းဇံက သူတို့နှစ်ယောက်ထဲက နွယ်နီကို လှမ်းမေးတယ်။ စားမလားတဲ့။ သူ့အိတ်ထဲက သကြားလုံးတွေ ထုတ်ကျွေးတယ်။ နွယ်နီက ရှင်းရှင်းအေးကို လှမ်းကြည့်တော့ ရှင်းရှင်းအေ တစ်ဖက်ကို မျက်နှာလွှဲသွားတာတွေ့ရတယ်။ သေချာပြီ၊ နောင်ကောင်းဇံသဘောကျတာ ရှင်းရှင်းအေး ကို။ နွယ်နီကစားမယ်ဆို သကြားလုံးတွေ လှမ်းယူပြီးကမ်းပေးတော့ ရှင်းရှင်းအေးကယူတယ်။ သေချာပြီ ဒီမိန်းမလည်း မရိုးဘူး။

မကြာပါဘူး။ နွယ်နီထင်မြင်ချက်တွေ သွေးထွက်အောင်မှန်နေတာ တွေ့ရတယ်။ မြို့ကနေတဆင့် သူတို့နှစ်ယောက်ဆီရောက်လာလေ့ရှိတဲ့ အဝေးက ပို့စာတွေထဲမှာနောင်ကောင်းဇံရဲ့ စာပါလာတယ်။ ရှင်းရှင်းအေးကို မေတ္တာရှိနေကြောင်း ပေးတဲ့စာ။ နွယ်နီက ဒီစာကို မပြန်စေချင်ဘူး။ မဖြစ်နိုင်ဘူးဆိုတာကို နှုတ်ကနေပဲ ငြင်းလိုက်စေချင်တယ်။ ဒါပေမယ့် ရှင်းရှင်းအေး ဒါကိုမလိုက်နာဘူး။ သူ့ဂုဏ်အတိုင်း အပျော့ဆွဲကလေးဆွဲဦးမလို့ စာပြန်နေတယ်။ နွယ်နီ စိတ်တိုတိုနဲ့ လှမ်းကြည့်လိုက်တော့စာရဲ့ ခေါင်းစည်းမှာ ရေးထားပုံက မိသန်းလွင်ရဲ့ ကိုကိုတဲ့။ မိသန်းလွင်ဆိုတာ နောင်ကောင်းဇံရဲ့ မွေးစားညီမအငယ်ဆုံးလေး၊ ဒီဒေသက အစ်ကိုကို ကိုကိုခေါ်တဲ့ ဒေသ၊ မိသန်းလွင်ရဲ့ကိုကိုဆိုတော့ ရှင်းရှင်းအေးရဲ့ကိုကိုတော့ မဟုတ်သေးဘူး။ ရေးထားတာကလည်း အပြတ်ငြင်းတာလည်း မဟုတ်ဘဲနဲ့ အားလုံးထဲမှာ မိသန်းလွင်ရဲ့ ကိုကို ကိုအခင်ဆုံးပါပဲတဲ့။

တောက် . . .တော်တော်အသုံးမကျတဲ့ ရှင်းရှင်းအေး၊ နွယ်နီ အတော်စိတ်တိုသွားတယ်။ ဒါယောကျာ်းတစ်ယောက်ကိုသက်သက်မယ့်

ကူလီကူမာသွားလုပ်တာ၊ ချစ်ရင်ချစ်တယ်၊ မချစ်ရင် မချစ်ဘူး။ ဒီနှစ်မျိုးထဲက တစ်မျိုး ဖြေရမယ်။အားလုံးထဲမှာအခင်ဆုံး လုပ်လို့မရဘူး။ ဒါပေမယ့် ရှင်းရှင်းအေးက သူ့လမ်းကြောင်းအတိုင်းပဲ ဆက်လက်ချီတက်တယ်။ အမိပ္ပာယ်နှစ်ဖက်တွေးနိုင်တဲ့ စာတွေအိညက်အိညက်ရေးတယ်။ အလကားပျော့ပျော့လေးနဲ့ နံတဲ့ကြောင်ချေးမ။

ဒီလိုနဲ့ နွေရာသီကျောင်းပိတ်ရက်ဟာ မတန့်မနားရောက်ချလာတော့တယ်။ ဒီနွေမှာနွယ်နီက ဇာတိမြေမပြန်ဘူး။ ဒီအနီးဝန်းကျင်က ရွာတွေဆီလျှောက်သွားမယ်။ ဒေသန္တရဗဟုသုတရှာမယ်ဆိုပြီး မြို့မှာကျန်နေရစ်တယ်။ ရှင်းရှင်းအေးကတော့ မြို့ကနေတဆင့် ဇာတိမြေပြန်ဖို့ပြင်ဆင်တယ်။ သူငယ်ချင်းရဲ့ အိမ်ပြန်ခရီးမှာ နွယ်နီလည်းလိုက်ပို့ရတာ ပေါ့။ အရေးထဲ လေယာဉ်လက်မှတ် တွေခက်လိုက်တာ။ နောက်ဆုံး ရှင်းရှင်းအေးတစ်ယောက် စက်လှေနဲ့ပဲလိုက်ပါဖို့ပြင်ဆင်ရတော့တယ်။ နွယ်နီလိုပဲ ရှင်းရှင်းအေးကို လိုက်ပါပို့ဆောင်သူတစ်ယောက်က နောင်ကောင်းဇံဆိုတာ ပြောစရာမလိုတော့ပါဘူး။ ထူးဆန်းတာက နောင်ကောင်းဇံရဲ့ အစ်မတွေဟာ ရှင်းရှင်းအေးကို အထူးအရေးပေးပြီးအိမ်အပြန်လက်ဆောင်တွေသယ်လို့ မနိုင်အောင်ပေးကြတယ်။ သူ့တို့မောင် သဘောကျနေတဲ့ မိန်းကလေးကို သူတို့ကလည်း ရင်းနှီးချစ်ခင်မှုပြတဲ့ သဘောပေါ့။

အကျီအဝတ်စတွေ အလှပြင်ပစ္စည်းတွေ မိန်းကလေးအသုံးအဆောင်တွေဆိုတာ နွယ်နီမမြင်ဘူးတာတွေ တောင်ပါတယ်၊ ဘာပြောကောင်းမလဲ။ ရှင်းရှင်းအေးတစ်ယောက် လှိုင်ပေါ လယ်သွားတော့တာပေါ့။ လက်ဆောင်တွေ တပွေ့တပိုက်နဲ့ ပြန်သွားတဲ့ ရှင်းရှင်းအေးဟာ ဒီနှစ်နွေ ကျောင်းဖွင့်တော့ ရွာကလေးဆီပြန်မရောက်လာတော့ဘူး။ ကျောင်းမှာလည်း နှစ်ယောက်တာဝန်ကို နွယ်နီတစ်ယောက်တည်း ထမ်းနေရတာ ပေါ့။

ရှင်းရှင်းအေး ပြန်မလာတဲ့ ကိစ္စကတော့ ရွာထဲမှာ ဘယ်လို

ထင်မြင်ချက်မှမပေးနိုင်ကြဘဲ လက်တို့ တီးတိုး သတင်းတစ်ရပ်အနေနဲ့ပဲ ငြိမ်သက်နေကြတယ်။ ရှင်းရှင်းအေး ချီးမွမ်းခန်းတွေ မကြားရတော့ နွယ်နီလည်းနားကလေးသက်သာသွားပေါ့ ။ရွာကလူတွေနဲ့ နောင်ကောင်းဇံ အစ်မတွေဖြစ်ပုံကို နွယ်နီတစ်ယောက်တည်း ကြိတ်ရယ်နေတယ်။ ကောင်းတယ် မျှော်နေကြ၊ မျှော်လင့်နေကြ ဟိုမှာရှင်တို့ရဲ့ ရိုးသားရှင်းသန့် ပါတယ်ဆိုတဲ့ ရှင်းရှင်ူအေး ရှင်တို့ဝယ်ပေးလိုက်တဲ့ အဝတ်စတွေ ချုပ်ဝတ်ပြီး သူ့ချစ်သူနဲ့ ရွှေလက်တွဲချစ်ပွဲ ဝင်နေလောက်ပြီ။

ဒီက ပြန်သွားတဲ့ ရှင်းရှင်းအေး မင်္ဂလာဆောင်ရတော့မယ်ဆိုတာ နွယ်နီလည်းသိနေတယ်။ တကယ်ဆို ရှင်းရှင်းအေး မှာက ချစ်သူရှိပြီးသား၊ မိဘကလည်းသဘောတူပြီးသား၊ သူ့ချစ်သူကသူ့ထက်အသက် ငါးနှစ်ကြီးပြီး ဘွဲ့ရအရာရှိပေါက်စလေးဆိုတော့ မိဝေးဖဝေးမှာ စိတ်မချတာချင်း အတူတူ ပေးစားမယ်ဆိုပြီး မိဘတွေကစီစဉ်တာပါ။ ကိုယ့်မှာအဖိုးတန်ချစ်သူတစ်ယောက်ရှိနေရက်နဲ့ နောင်ကောင်းဇံကို အရူးမလုပ်သင့်ဘူးထင်လို့ နွယ်နီဟန့်တားခဲ့တာပေ့ါ။

အခုတော့ နောင်ကောင်းဇံခမျာမှာ အရူးအမဲသားမိသလို မျှော်လင့်ချက်တွေ တစ်ထမ်း တပိုးကြီးနဲ့ ။ အမယ်ရပ်ရွာကလည်း သူတို့ရွာက အချမ်းသာဆုံးလယ်ပိုင်ရှင်ရဲ့သားနောင်ကောင်းဇံနဲ့ ဆရာမလေး ရှင်းရှင်းအေးကို သဘောတူသတဲ့။ မစားရဂခန်းပြောဆိုသံတွေဟာ အဲဒီ အသိုင်း အဝိုင်းကနေ နွယ်နီနားထဲရောက်အောင်လွင့်ပျံလာတဲ့အခါ နွယ်နီတစ်ယောက်တည်း ကြိတ်ရယ်နေမိတာပေ့ါ။ လူတွေဟာ အပေါ်ယံဟန်ကလေးကို အထင်ကြီးလေ့ရှိကြတယ်။ ရှင်းရှင်းအေးရဲ့ ဆံပင်ရှည်အလှ၊ လှုပ်ရှားဟန် နွဲ့နွဲ့နှောင်းနှောင်း၊ စကားပြောချွဲချွဲနွဲ့နွဲ့ကလေးတွေ အပေါ်မှာ အထင်ကြီးစွဲလန်းနေလိုက်ကြတာ။ လိုရင်းတိုရှင်း အပိဇာမချဲ့တတ်တဲ့ နွယ်နီအပေါ်မှာတော့ စိတ်ဝင်စားမှုနည်းပြီး အနားမသီဝံ့ကြဘူး။

သူတို့အထင်ကြီးတဲ့လူက သူတို့အပေါ် လက်တစ်လုံးခြား ပြုမူသွားတာကို လည်းမသိကြဘူး။

ရှင်းရှင်းအေးရဲ့ မင်္ဂလာကိစ္စ နွယ်နီဖော်ပြောချင်တဲ့စိတ်တွေ မထိန်းနိုင်လို့ ကျောင်းဖွင့်ပြီး အတော်ကြာတော့ ကျောင်းအုပ်ဆရာကြီးကတစ်ဆင့် ရပ်ရွာကို အသိပေးလိုက်တော့ အားလုံးဟာ အံ့အားတွေသင့်လို့။ ဒါကလည်း မလွဲမသေ အသိပေးသင့်တဲ့ ကိစ္စပဲ မဟုတ်လား။ ဒါမှ ရှင်းရှင်းအေး နေရာမှာ ဆရာစားအမြန်ခန့်ပေးမှာလေ။

နွယ်နီကတော့ ရှင်းရှင်းအေး မရှိလည်း ပုံမှန်ပါပဲ။ ညနေခင်းတိုင်း စမ်းချောင်းကလေးဆီ အရောက်လာလေ့ရှိတယ်၊ ကိုယ့်တစ်ယောက် တည်းဆိုတော့ငှဲညာစရာ မလိုဘဲ ကိုယ်ဝတ်ချင်တဲ့ အကျႌဆွဲဝတ်ရုံပဲ မဟုတ်လား။ စိတ်အနှောင့်အယှက်ကင်းကင်းနဲ့ လွတ်လပ်စွာ လျှပ်ရှားရလို့ ရှင်းရှင်းအေးကို တစ်ခါတစ်ရံ သတိရတာ ကလွဲရင် နွယ်နီစိတ်ထဲ လွမ်းလောက်တယ်ကို မထင်ဘူး။ နွေတုန်းက ဇာတိမြေ မပြန်ဘဲ၊ ဟိုရွာ ဒီရွာ ရွာနီးချုပ်စပ် အလည်သွားခဲ့တဲ့ အကြောင်းတွေတွေးရင်း ဒီရွာမှာ လုပ်သက်(၂) နှစ်ပြည့်လို့ နောက်တစ်ရွာပြောင်းခွင့်သာရရင် ဘယ်လိုရွာမျိုးကို ရွေးချယ်ရရင် ကောင်းမလဲ။ သစ်ယာဂ၊ ကန်ပြင်လိုပင်လယ်နဲ့ နီးနီးရွာဆိုကောင်းမလား။ ကမ်းခြေအလှအပနဲ့ ငါးပုစွန်ပေါများခြင်းတွေက ပါ နွယ်နီကို အတွေ့အကြုံ အသစ်အဆန်းများပေးနိုင်လေမလား။

နွယ်နီအတွေး ရှက်လွင့်နေမှုဟာ ခပ်ဝေးဝေးက စမ်းချောင်းကလေးဆီလာနေတဲ့ တစ်စုံတစ်ရာကြောင့် ရပ်တန့်သွားတော့တယ်။ ဘယ်သူရှိမလဲ။ နွယ်နီသွားတဲ့ဆီ လိုက်ပါနိုင်တဲ့ အခွင့်အရေးရှိသူဟာ ဒီရွာမှာ တစ်ယောက်တည်းပဲရှိတာ။ သူလေ နောင်ကောင်းဇံ ပေ့ါ။ အရင်းတုန်းက ရှင်းရှင်းအေးနဲ့ နှစ်ယောက်လာနေကျကိစ္စမှာ ရှင်းရှင်းအေးကို ပိုးပန်းဖို့လာခဲ့တဲ့ သူဟာ အခု ရှင်းရှင်းအေးမရှိတဲ့ကာလမှာ နွယ်နီရှိရာ စမ်းချောင်းကလေးဆီလာဖို့

အကြောင်းမရှိဘူး။ ဒါပေမယ့် သူတကယ်ပဲ လာနေပြီ။ သူ့အိတ်ထဲက သကြားလုံးတွေကို စားပါဦးလားလို့ ကျွေးဦး မှာလား။ နောင်ကောင်းဇံ ဘယ်လို လူစားလဲ။ ရှင်းရှင်းအေး ပြန်မလာတော့မှန်းသိလို့ မြှားဦးက နွယ်နီဆီလှည့်လာနေတာလား။

နောင်ကောင်းဇံဟာ သစ်မရရင်တော့ ဝါးနဲ့ပဲပေါင်းကူပ်တော့မယ်ဆိုတဲ့ လူစားလား။ ငါးမရရင်တော့ ရေချိုးပြန်ရုံဆိုတဲ့ လူစားလား။ ငါးမရင် ရေချိုးပြန်ဖို့ စမ်းချောင်းကလေးဆီလာနေတယ်ဆိုရင်တော့ အဲဒီ လိုလူမျိုးကို သင်ခန်းစာကောင်းကောင်း ပေးရလိမ့်မယ်။ မအူမလည်ချင် ယောင်ဆောင်နေတဲ့ လူလည် တစ်ယောက်ရဲ့မခန့် လေးစားပြုလာမှုကို ဟန့်တားကာကွယ်ဖို့ အဆင်သင့်ပြင်ထားတယ်။ မြေဖြူကိုင်တဲ့ သူ့လက်တွေဟာ တော်ရုံယောကျ်ားတစ်ယောက်ကို စမ်းချောင်းထဲ တွန်းချနိုင်လောက်အောင်သန်မာမှုစွမ်းအားတွေ ပြည့်ဝနေတယ်လို့ နွယ်နီသူ့ကိုယ်သူယုံကြည် နေတယ်။

ဒီအချိန်မှာ အဝါရောင်ညနေခင်းကလေးဟာ နောက်ထပ်မြင်တွေ့ရမယ့် ဇာတ်ထုပ် အသစ်တစ်ခုရဲ့ ဇာတ်ဝင်ခန်းကို စိတ်ဝင်တစားနဲ့ တိုးတိတ်ငြိမ်သက်စွာ စောင့်ကြည့်နေတယ်။ ထိက ရုန်းပင်တွေက စပ်စုမျက်ဝန်းနဲ့ အစွမ်းကုန် နားစွင့်လို့။ စမ်းချောင်းကလေးက မအောင့်နိုင် မအည်းနိုင် ခိုးခိုးခစ်ခစ်ရယ်သံပေးပြီးပြေးထွက်သွားရဲ့။ ဟော အိပ်တန်းပြန် ငှက်တစ်အုပ်ကတော့ နွယ်နီလုပ်ရပ်ကို လက်ခုတ်သံပေးဖို့ ခပ်သုတ်သုတ်ပြန်လာနေကြပြီ။

**မိချမ်းဝေ**

**၂၀၀၃ ဒီဇင်ဘာ၊ ဂန္ထဝင် မဂ္ဂဇင်း။**

*